# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၃၀၈) ၊ ၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လဆန်း ၆ ရက် ၊ ၈–၁၀–၂၀၂၄ ၊ အင်္ဂါနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရထားလမ်းများကောင်းမွန်ပြီး အချိန်မှန်မှန်ဖြင့် ပြေးဆွဲနိုင်မည်၊ မြန်နှုန်းမြင့်စွာဖြင့် ပြေးဆွဲနိုင်မည်ဆိုပါက ရထားသယ်ယူပို့ဆောင်ရေးကို အများပြည်သူများက ပိုမိုသုံးစွဲလာမည်

## ရထားပို့ဆောင်ရေးစနစ် တစ်ခေတ်ပြန်လည် ဆန်းသစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ (အင်းစိန်) သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား စက်ရုံအစည်းအဝေးခန်းမတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရန်ကုန်မြို့ပတ်လမ်း

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စပိန်နိုင်ငံမှ ရောက်ရှိလာသည့် DEMU ရထားတွဲဆိုင်းအသစ်များကို ကြည့်ရှုစစ်ဆေးစဉ်။

**နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်**

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၇ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေမည်။ **နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ

**ပြည်လုံးကျွတ် သန်းခေါင်စာရင်း (၈)ရက်မြောက်နေ့ ကောက်ယူနေပါသည်။**

၂၀၂၄ ခုနှစ် ၊ အောက်တိုဘာ ၈ ရက်၊ အင်္ဂါနေ့။

မန္တလေး

## စည်းကမ်းကို အစဉ်လိုက်နာတတ်သူများဖြစ်အောင် ကြိုးစားကြရမည်

လူသားတိုင်း မိမိဘဝကို မြင့်မားစွာတည်ဆောက်နေထိုင်လိုသူများဖြစ်ကြသည်။ သို့သော် စိတ်ကဖြစ်ချင်ပါသော်လည်း လက်တွေ့တွင်မူ မဖြစ်နိုင်ကြပါ။ လူနည်းစုသာ အောင်မြင်စွာဆောက်တည်နိုင်ကြသည်။ အကြောင်းကား လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ရန်အတွက် စိတ်ဓာတ်၊ စည်းကမ်း၊ ဖွဲ့နှင့် လုံ့လတို့ လိုအပ်နေသောကြောင့် ဖြစ်သည်။ အဆိုပါ အချက်များအနက် လူသားတို့၏ ဘဝမြင့်မားတိုးတက်အောင် ဖန်တီးပေးနိုင်သော အချက်မှာ စည်းကမ်းဟု ပြောလိုပါသည်။ တစ်နည်းအားဖြင့် စည်းကမ်းသည် လူ့တန်ဖိုးကို ဖော်ညွှန်းပြသနေသည်။

စည်းကမ်းသည် စည်းနှင့် ကမ်းဟူသော စကားလုံးတို့ကို ပေါင်းစပ်ထားခြင်းလည်းဖြစ်သည်။ စည်းဆိုသည်မှာ အရံအတား၊ အကန့်အသတ်ပေါင်ဟု အနက်ရပါသည်။ ထို့အတူ ကမ်းသည် လှိုင်းတံပိုးတို့မှ လွန်မြောက်ရာ အရပ်ဟုဆိုကြသည်။ ထို့ကြောင့် စည်းကမ်းသည် လူ့ဘောင်လောကမှ သတ်မှတ်ထားသော သတ်မှတ်ချက်၊ အကန့်အသတ်များကို မကျူးလွန် မချိုးဖောက်မိစေရန် ချမှတ်ထားသော အချက်များပင်ဖြစ်သည်။

စည်းကမ်းကို ငယ်ရွယ်စဉ်ကျောင်းသားလူငယ် ဘဝကပင် အလေ့အကျင့်ပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။ အလေ့အကျင့်စွဲမြဲနေပါက စည်းကမ်းလိုက်နာရသည်ကို ဝန်ထုပ်ဝန်ပိုးအဖြစ် မမြင်နိုင်တော့ပါ။ ပညာသင်စဉ် ပထမအရွယ်ကပင် စည်းကမ်းကို လိုက်နာတတ်ကြသူများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်သည်။ ကျောင်းနေစဉ်အရွယ်တွင် ကျောင်းက သတ်မှတ်ထားသော စည်းကမ်းဟူသမျှကို တိကျစွာလိုက်နာရမည်ဖြစ်သည်။ ထို့ပြင် ဒုတိယအရွယ်၊ တတိယအရွယ်တို့တွင် သတ်မှတ်ထားသည့် အလုပ်ခွင်စည်းကမ်းကို လေးစားစွာ လိုက်နာဖို့လိုအပ်မည်ဖြစ်သည်။

စည်းကမ်းဟူသည် လူသားတို့၏ ကိုယ်ကျင့်တရားနှင့် ဆက်နွယ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။ ဘဝအောင်မြင်ရေး၊ ဘဝရပ်တည်ရေးကိစ္စရပ်များတွင် စည်းကမ်းနှင့်အညီ ပြုမူနေထိုင်ဆောင်ရွက်တတ်ခြင်းကြောင့် အောင်မြင်မှုများနှင့်သာကြုံရတတ်သည်။ သို့သော် စည်းကမ်းမဲ့သူများသည် မိမိကိုယ်သာမက မိမိပတ်ဝန်းကျင်ကိုလည်း အနှောင့်အယှက်ပေးတတ်ကြသည်။ ဘဝအောင်မြင်ရေးတွင် စည်းကမ်းမဲ့ခြင်းကြောင့် အောင်မြင်မှုနှင့် အလှမ်းကွာဝေးနေတတ်သည်။ ထို့ကြောင့် နေရာတိုင်း၌ ချမှတ်ထားသော စည်းကမ်းတိုင်းကို လိုက်နာနိုင်လျှင် အကျိုးများစွာဖြစ်ထွန်းနိုင်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ထို့ပြင် ကျောင်းသားလူငယ်များသည် ကျောင်းတွင်းလှုပ်ရှားမှုပွဲများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် အများအကျိုးကို သယ်ပိုးထမ်းရွက်နိုင်မည့် အလေ့အကျင့်ကောင်းများ ရရှိနိုင်မည့်အပြင် ကျောင်းသားများ စုပေါင်းဆောင်ရွက်ခြင်းဖြင့် လူမှုဆက်ဆံရေးကျယ်ပြန့်လာပြီး စည်းကမ်းလိုက်နာတတ်ခြင်းများ ရရှိလာမည်ဖြစ်သည်။

သို့ဖြစ်ရာ စည်းကမ်းသည် လူသားတိုင်းအတွက် မရှိမဖြစ် အရေးကြီးလှသော အသက်သွေးကြောကြီးဖြစ်ရာ ငယ်စဉ်ကပင် စည်းကမ်းနှင့်အညီ နေထိုင်တတ်သူများ၊ စည်းကမ်းကို အစဉ်လိုက်နာသူများ၊ စည်းကမ်းကို တန်ဖိုးထားတတ်သူများဖြစ်အောင် ကြိုးပမ်းအားထုတ်သင့်ပါကြောင်း ရေးသားလိုက်ရပေသည်။

## (၄၄)ကြိမ်မြောက် မဟာသံဃာ့ပဝါရဏာပွဲတော် ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်လုံးဆိုင်ရာ သံဃာ့ပဝါရဏာပွဲတော်အား မဟာဗောဓိပင်ဘုရားဂေါပကအဖွဲ့မှ (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့)၊ ၁၇-၁၀-၂၀၂၄ ရက်၊ ကြာသပတေးနေ့တွင် မဟာနွယ်စဉ်ရပ်၊ ၇၃ လမ်း၊ ၃၉ လမ်းနှင့် ၇၁ လမ်းထောင့် ဇန်းမော်ကျောင်းတိုက်တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

၎င်း သီတင်းကျွတ်လပြည့်နေ့ ၁၇-၁၀-၂၀၂၄ ရက်၊ ကြာသပတေးနေ့ နံနက် ၅ နာရီတွင် သံဃာတော်အပါး ၁၂၁ ပါးတို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

ထို့နောက် သံဃာတော် ၁၂၁ ပါးအား သိမ်တော်တွင် ပဝါရဏာပြုလုပ်ပြီးလျှင် သံဃာတော်များအား ဇန်းမော်ကျောင်းတိုက်၊ အေးကမ္ဘာဗိမာန်တော်ကြီးတွင် ဆွမ်း၊ သပိတ်၊ လှူဖွယ်ဝတ္ထုတို့ဖြင့် ဆက်ကပ် လှူဒါန်းမည်ဖြစ်ရာ တစ်နှစ် တစ်ကြိမ်ကျင်းပသည့် ထူးခြားလှသော မဟာသံဃာ့ပဝါရဏာပွဲတော်ကြီး အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် စေတနာရှင်၊ ကုသိုလ်ရှင်များက တစ်ဦးချင်းဖြစ်စေ၊ သက်ဆိုင်ရာ ရပ်ကွက် ဂေါပကအဖွဲ့အမှုဆောင်များထံတွင် စာရင်းပေးသွင်းလှူဒါန်းနိုင်ကြပါရန် နှိုးဆော်ထားသည်။

ဆွမ်း၊ သပိတ်၊ စာရေးတံနှင့် တစ်ဦးချင်းလှူဒါန်းမည့် အလှူရှင်များသည် သီတင်းကျွတ်လပြည့်နေ့ နံနက် ၆ နာရီ နောက်ဆုံးထား၍ အခမ်းအနားကျင်းပရာနေရာသို့ ရောက်ရှိရမည်ဖြစ်ပြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဖုန်း ၀၉-၇၉၇၃၄၈၉၆၁၊ အတွင်းရေးမှူး ဖုန်း ၀၉-၂၅၆၅၀၂၂၈၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ညနေ ၃ နာရီမှ ည ၇ နာရီအထိ စတုဒိသာ ကျွေးမွေးမည်ဖြစ်ပြီး ညပိုင်းတွင် ဆီမီး ၁၀၀၀ ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

(ကဆ)

၀-၀-၀-၀-၀

၀-၀-၀

## သီတင်းကျွတ်ဈေးရောင်းပွဲတော်အဖြစ် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးသွားမည်

**မန္တလေး အောက်တိုဘာ ၇**

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းမှ ကြီးမှူး၍ ပြည်တွင်းဆီဖူလုံမှုကို ဖော်ဆောင်သည့်အနေဖြင့် ဆီစက်များ၏ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများကို သီတင်းကျွတ်ဈေးရောင်းပွဲတော်အဖြစ် အောက်တိုဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ (UMFCCI)ရှေ့တွင် ဈေးနှုန်းသက်သာစွာ ၃ ရက်တိုင်တိုင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း ဈေးရောင်းပွဲ ရောင်းချရေးကော်မတီထံမှ သိရသည်။

သီတင်းကျွတ်ဈေးရောင်းပွဲတော်တွင် ပါဝင်ရောင်းချမည့် ဆီများမှာ FDA လက်မှတ်ရပြီး ဆီအရည်အသွေး စံချိန်စံညွှန်းကိုက်ညီမှုရရှိမည့်အပြင် သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ထားသော အမှတ်တံဆိပ်၊ ဥပဒေ၊ စားသုံးသူကာကွယ်ရေးဥပဒေများနှင့်လည်း ကိုက်ညီသည့် အရည်အသွေးကောင်းပဲဆီသန့် ပိဿာချိန် ၉၀၀၀၀ ရောင်းချပေးသွားရန် လျာထားကြောင်း မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆန်းထွန်းလွင်က ပြောသည်။

"သီတင်းကျွတ်ဈေးရောင်းပွဲတော်အဖြစ် ဆီအသင်းကနေ မြေပဲဆီအသန့်ကို တစ်ပိဿာ ငွေကျပ် ၁၅၀၀၀ နဲ့ ၅၀ ကျပ်သားကနေ ၁၀ ပိဿာ ပုံးနဲ့ လိုအပ်သလောက် ပွဲတော်ရက်အတွင်း ရောင်းချပေးသွားမှာပါ။ ဘူးထုပ်ပိုးမှု အပါအဝင်ရောင်းချတဲ့ ဈေးမို့ ဒီဆီဈေးက အပြင်ထက် သက်သာတဲ့ဈေးပါ။ ဒီအပြင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးက ဝန်ကြီးဌာနဝန်ထမ်းတွေကို စုပေါင်းမှာယူပါက ဌာနအရောက် ပေးပို့ရောင်းချပေးသွားမှာပါ။ ဥပမာ-မန္တလေးမှာဆိုရင် စည်ပင်သာယာဝန်ထမ်းတွေဆိုရင် အများကြီးရှိပါတယ်။ စုပေါင်းမှာယူမယ်ဆိုရင် ပွဲတော်ရက်မတိုင်မီ အောက်တိုဘာ ၈ ရက်က စတင်ဖုန်းဆက်မှာယူနိုင်ပါတယ်"ဟု ၎င်းက ပြောသည်။

ထို့ပြင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးမှ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ပွဲတော်ရက်မတိုင်မီကတည်းက ကြိုတင်၍ ဖုန်းနံပါတ် ၀၉-၈၈၃၃၃၇၆၇၆ သို့ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း စုပေါင်းမှာယူပါက ဌာနအရောက် ပေးပို့ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ရွှေမန်း)

၀-၀-၀-၀-၀

## ရေဘေးသင့် စပါးစိုက်ခင်းများအတွက် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်း အတိုးမဲ့ချေးပေးရန် လျာထား

**မန္တလေး အောက်တိုဘာ ၇**

ရာဂီမုန်တိုင်းအရှိန်ကြောင့် ပြည်တွင်း၌ ထိခိုက်ပျက်စီးခဲ့ရသည့် ရေဘေးသင့်တောင်သူများ၏ စပါးစိုက်ခင်းများအတွက် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းနှင့် အတိုးမဲ့ ချေးငွေထုတ်ချေးပေးရန် လျာထားချက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

ရေဘေးသင့် စိုက်ပျိုးတောင်သူများအား စပါးစိုက်ဧကအလိုက် မျိုးစေ့တစ်တင်း၊ ရွက်ဖျန်းမြေဩဇာ၊ ပိုးသတ်ဆေး အပါအဝင် တစ်ဧကလျှင် ငွေ ၆၄၃၂၅ ကျပ်နှုန်း ပံ့ပိုးရန် ငွေကျပ် သိန်း ၅၀၀၀ ထောက်ပံ့ပေးခြင်းဖြစ်သည်ဟု ဆိုသည်။

"စက်တင်ဘာလက တရုတ်ဘက်မှာ ရာဂီမုန်တိုင်းဖြစ်တော့ အဲဒီမုန်တိုင်းအရှိန်သက်ရောက်မှုကြောင့် ပြည်တွင်းမှာ မိုးသည်းထန်စွာရွာသွန်းပြီး စိုက်ခင်းတွေ၊ လူနေအိမ်တွေ ပျက်စီးခဲ့တယ်။ ခုချိန်မှာ အချိန်မီ စိုက်ပျိုးရေးလုပ်နိုင်ဖို့ ပျက်စီးသွားတဲ့ စပါးစိုက်ဧရိယာတွေအတွက် ချေးငွေထုတ်ပေးတာဖြစ်ပါတယ်"ဟု တာဝန်ရှိသူက ပြောသည်။

အဆိုပါ အတိုးမဲ့ ချေးငွေအပြင် ရေကြီးနစ်မြုပ်ခံရသည့် စပါးစိုက်ဧရိယာ ၇၇၇၃ ဧကအတွက် ထောက်ပံ့ငွေကျပ် သိန်း ၅၀၀၀ နှင့် အရင်းမပျောက်မတည်ငွေကျပ် သိန်း ၁၂၅၀၀ တို့ကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဦးဆောင်အဖွဲ့ထံသို့ ပေးအပ်ထားကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရှင်းလင်းတင်ပြစဉ်။

☆ ရှေ့ဖုံးမှ

အဆင့်မြှင့်တင်ရေး စီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်ပတ်သက်၍ မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ(အင်းစိန်)၏ သမိုင်းအကျဉ်းနှင့် အချက်အလက်များ၊ မြို့ပတ်ရထားလမ်း၏ သမိုင်းကြောင်းနှင့် အဆင့်မြှင့်တင်ရေး စီမံကိန်း၏ သမိုင်းကြောင်းများ၊ မြို့ပတ်ရထားများ ပြေးဆွဲသွားမည့်အစီအစဉ်များနှင့် ရထားလမ်းဆိုင်ရာအဆောက်အအုံများ၊ ရထားလမ်းတစ်လျှောက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ ရန်ကုန် မြို့ပတ်ရထားလမ်းတစ်လျှောက် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် လေ့လာရေးအဖွဲ့၏ တွေ့ရှိချက်များ၊ မြို့ပတ်လျှပ်စစ်ရထားအတွက် သုံးသပ်တင်ပြချက်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က အဓိက မီးရထားလမ်းပိုင်းများ၌ မြန်နှုန်းမြှင့်တင် မောင်းနှင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ မြန်မာ့မီးရထား၏ နောက်ခံအခြေအနေ၊ လမ်းပိုင်းဆိုင်ရာ အချက်အလက်များနှင့် လိုအပ်ချက်များ၊ စက်ခေါင်း၊ တွဲနှင့် DEMU (Rolling Stock) များ၏ စက်မှုပိုင်းဆိုင်ရာ လိုအပ်ချက်များ၊




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စပိန်နိုင်ငံမှ ရောက်ရှိလာသည့် DEMU ရထားတွဲဆိုင်းအသစ်များကို ကြည့်ရှုစစ်ဆေးစဉ်။

အချက်ပြနှင့် သွားလာရေးစနစ်ဆိုင်ရာလိုအပ်ချက်များနှင့် သုံးသပ်ချက်များကိုလည်းကောင်း၊ မြန်မာ့မီးရထားတိုင်းဒေသကြီးအသီးသီးရှိ လမ်းပိုင်းများတွင် ကွန်ကရစ်ဇလီဖားတုံးများ ထုတ်လုပ်၊ လဲလှယ်နိုင်ရေးဆောင်ရွက်မည့်အစီအမံနှင့် ပတ်သက်၍ ကွန်ကရစ်ဇလီဖားစက်ရုံများနှင့် ထုတ်လုပ်နိုင်မှုနှင့် ဖြန့်ဝေနိုင်မှု၊ လမ်းပိုင်းများ၌ ကွန်ကရစ်ဇလီဖားများ ထည့်သွင်းထားရှိမှု၊ လမ်းပိုင်းများအားလုံးတွင် သံလမ်းတစ်ဆက်လျှင် ကွန်ကရစ်ဇလီဖား ၂၀ တုံး အပြည့် ဖြည့်တင်းနိုင်ရေးအတွက် ထပ်မံလိုအပ်ချက်များကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဓိကမီးရထားလမ်းပိုင်းများတွင် တစ်နာရီလျှင် ကီလိုမီတာ ၈၀ အထိ မြန်နှုန်းမြှင့်တင်မောင်းနှင်နိုင်ရေး စာမျက်နှာ ၄ သို့ ☆

❖ မီးရထားလမ်းပိုင်းများတွင် တစ်နာရီလျှင် ကီလိုမီတာ ၈၀ အထိ မြန်နှုန်းမြှင့်တင် မောင်းနှင်နိုင်ရေး ဆောင်ရွက်ရာတွင် အချို့လမ်းပိုင်း အကွေ့နေရာများအား အမြန်နှုန်းကန့်သတ်ချက်များ ကိုက်ညီမှုရှိစေရေး လမ်းပိုင်းအလိုက် သုတေသနပြုဆောင်ရွက်

❖ အမြန်နှုန်းနှင့် ကိုက်ညီမှုမရှိသည့် ရထားလမ်းနေရာများ၊ တံတားနေရာများကိုလည်း လေ့လာဆန်းစစ်ခြင်းများ ဆောင်ရွက်၍ မိမိတို့နိုင်ငံရှိလမ်းပိုင်းများနှင့် ကိုက်ညီသည့် အမြန်နှုန်းစံတစ်ခုကို သတ်မှတ်ဆောင်ရွက်



စပိန်နိုင်ငံမှ ရောက်ရှိလာသည့် DEMU ရထားတွဲဆိုင်းအသစ်တစ်စင်း၏အတွင်းပိုင်းကို တွေ့ရစဉ်။

- မိမိတို့အနေဖြင့် အမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၈၀ အထိ မြန်နှုန်းမြင့်တင် မောင်းနှင်နိုင်ရေး စံသတ်မှတ်ဆောင်ရွက်သွားရန်လိုပြီး ကုန်ရထားတွဲများအား တစ်နာရီလျှင် ကီလိုမီတာ ၆၀ အထိ မောင်းနှင်နိုင်ရေး ဆောင်ရွက်သွားရမည်
- ဒီဇယ်လျှပ်စစ်သုံး(DEMU)စက်ခေါင်းများ၊ ရထားတွဲများကိုလည်း ပြည်တွင်း၌ တည်ဆောက် ထုတ်လုပ်သုံးစွဲနိုင်ရေး ဆောင်ရွက်သွားရမည်
- မီးရထားစက်ခေါင်းများနှင့် ရထားတွဲများကောင်းမွန်ရန်လိုသကဲ့သို့ ရထားလမ်းများ စနစ်တကျဖြင့် ကောင်းမွန်ချောမွေ့မှု ရှိစေရေးကိုလည်း အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ လျှပ်စစ်ရထား(EMU) ပြေးဆွဲနိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လို
- မိမိတို့နိုင်ငံတွင် လျှပ်စစ်ရထားများပြေးဆွဲနိုင်ရေးသည် မလွဲမသွေပြောင်းလဲရမည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပြီး စီမံကိန်းအောင်မြင်စေရေးအတွက် လိုအပ်သည်များကို ဆက်လက်သုတေသနပြု ဆောင်ရွက်သွားရန်လို

☆ စာမျက်နှာ ၃ မှ

ဆောင်ရွက်ရာတွင် အချို့လမ်းပိုင်းအကွေ့နေရာများအား အမြန်နှုန်းကန့်သတ်ချက်များ ကိုက်ညီမှုရှိစေရေး လမ်းပိုင်းအလိုက်သုတေသနပြု ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါအမြန်နှုန်းနှင့် ကိုက်ညီမှုမရှိသည့် ရထားလမ်းနေရာများ၊ တံတားနေရာများကိုလည်း လေ့လာဆန်းစစ်ခြင်းများဆောင်ရွက်၍ မိမိတို့နိုင်ငံရှိ လမ်းပိုင်းများနှင့်ကိုက်ညီသည့် အမြန်နှုန်းစံတစ်ခုကို သတ်မှတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ မီးရထားသယ်ယူပို့ဆောင်ရေးသည် ၁၈၇၇ ခုနှစ်ကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၁၀၀ ကျော်ရှိပြီဖြစ်သော်လည်း အခြားနိုင်ငံများနှင့် ယှဉ်ကြည့်ပါက ရထားသယ်ယူပို့ဆောင်ရေးစနစ်များ နောက်ကျနေဆဲဖြစ်ကြောင်း၊ မီးရထားသယ်ယူပို့ဆောင်ရေးတွင် ရထားလမ်းသည် အဓိကအရေးကြီးပြီး သတ်မှတ် စံချိန်စံညွှန်းများအတိုင်း ကိုက်ညီသည့် ကျောက်များ၊ ဇလီဖားတုံးများ ဖြည့်သွင်းပေးခြင်း၊ ကြံ့ခိုင်မှု ကောင်းမွန်အောင်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားရန်လိုကြောင်း။

မိမိတို့အနေဖြင့် အမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၈၀ အထိ မြန်နှုန်းမြှင့်တင် မောင်းနှင်နိုင်ရေး စံသတ်မှတ်ဆောင်ရွက်သွားရန်လိုပြီး ကုန်ရထားတွဲများအား တစ်နာရီလျှင် ကီလိုမီတာ ၆၀ အထိ မောင်းနှင်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒီဇယ်လျှပ်စစ်သုံး(DEMU) စက်ခေါင်းများ၊ ရထားတွဲများကိုလည်း ပြည်တွင်း၌ တည်ဆောက် ထုတ်လုပ်သုံးစွဲနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မီးရထားစက်ခေါင်းများနှင့် ရထားတွဲများ ကောင်းမွန်ရန်လိုသကဲ့သို့ ရထားလမ်းများစနစ်တကျဖြင့် ကောင်းမွန်ချောမွေ့မှု ရှိစေရေးကိုလည်း အမြဲမပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ လျှပ်စစ်ရထား(EMU) ပြေးဆွဲနိုင်ရေး အတွက်လည်း ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေးသည် မလွဲမသွေ ပြောင်းလဲရမည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပြီး စီမံကိန်းအောင်မြင်စေရေးအတွက် လိုအပ်သည်များကို ဆက်လက်သုတေသနပြု ဆောင်ရွက်သွားရန် လိုကြောင်း။

ကြိုးပမ်းဆောင်ရွက်

ရထားလမ်းများ ကောင်းမွန်ပြီး အချိန်မှန်မှန်ဖြင့် ပြေးဆွဲနိုင်မည်၊ မြန်နှုန်းမြင့်စွာဖြင့် ပြေးဆွဲနိုင်မည်ဆိုပါက ရထားသယ်ယူပို့ဆောင်ရေးကို အများပြည်သူများက ပိုမိုသုံးစွဲလာမည်ဖြစ်ကြောင်း၊ ရထားများအားသတ်မှတ်အမြန်နှုန်းအတိုင်း မောင်းနှင်နိုင်ရေးအတွက် Level Crossing နေရာများလျှော့ချခြင်း၊ Underpass များ တည်ဆောက်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပြီး ရထားလမ်းနယ်များ၌လည်း ဥပဒေသတ်မှတ် စည်းမျဉ်းစည်းကမ်းများအတိုင်း ဖြစ်ရန်လိုကြောင်း၊ ရထားဘူတာများ၊ ရထားမြေများ အားလုံး၌လည်း သွားလာနေထိုင်မှုများအားလုံး စည်းကမ်းစနစ်တကျအတိုင်း ဖြစ်ရန်လိုကြောင်း၊ ရထားလမ်းနယ်များ၌ မျက်စိပသာဒဖြစ်စေရေး၊ မြေထိန်းသိမ်းမှုဖြစ်စေရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းများကို စနစ်တကျဖြင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားပို့ဆောင်ရေး စနစ်သည် တိုင်းပြည်တစ်ခု၏ အဓိကကျသည့် ပို့ဆောင်ရေးစနစ်တစ်ခုဖြစ်ပြီး အကျိုးရှိသည့် စနစ်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ရထားပို့ဆောင်ရေးစနစ် တစ်ခေတ်ပြန်လည် ဆန်းသစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွား ကြရန်လိုကြောင်း မှာကြားသည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စပိန်နိုင်ငံမှ ရောက်ရှိလာသည့် DEMU ရထားတွဲဆိုင်းအသစ်များကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စပိန်နိုင်ငံမှ ရောက်ရှိလာသည့် DEMU ရထားတွဲဆိုင်းအသစ်များကို တွေ့ရစဉ်။

## အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ သတ္တမအကြိမ်အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၇

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ သတ္တမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပရာ အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ-၁ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဥက္ကဋ္ဌ-၂ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် လုပ်ငန်းကော်မတီဝင်များ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် ဥပဒေရေးဆွဲရေးအဖွဲ့ဥယ် အဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြသည်။



ဝိုင်းဝန်းဆွေးနွေး

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးများက အမှာစကားများ ပြောကြားကြပြီး လုပ်ငန်းကော်မတီ အတွင်းရေးမှူးက မူလရေးသားပြုစုထားသော အမျိုးသားမြေဥပဒေမူကြမ်း၊ ယခင်အကြံပြုချက်များ၊ ထပ်မံအကြံပြုချက်များနှင့် လုပ်ငန်းအဖွဲ့က ပြန်လည်စိစစ်ပြုစုထားသော မူကြမ်းများကိုတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက ပုဒ်မတစ်ခုချင်း၊ ပုဒ်မခွဲ တစ်ခုချင်းအပေါ် ဝိုင်းဝန်းဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးတွင် ထွက်ပေါ်လာမည့် ယာယီအတည်ပြုချက်များနှင့် ဥပဒေမူကြမ်း၏ ရှေ့အခန်းများကို ပြန်လည်စုစည်း၍ အသေးစိတ်ဆက်လက်စိစစ်ခဲ့ပြီး ပဏာမအတည်ပြုထားသော အမျိုးသားမြေဥပဒေမူကြမ်းကို အောက်တိုဘာလကုန်တွင် အမျိုးသားမြေအသုံးချမှုကောင်စီသို့ တင်ပြပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဘဝဆိုတာ ပျော်ရွှင်စွာ ဖြတ်သန်းလိုက်စမ်းပါ

"ဘဝ"နဲ့ပတ်သက်လို့ အယူအဆ အမျိုးမျိုး၊ အမိပ္ပာယ်အဖုံဖုံ၊ ခံယူချက်တွေက များများစားစား၊ တင်စားခဲ့ကြပါတယ်။ "ဘဝဆိုတာ တိုက်ပွဲတစ်ခုပါ၊ ရင်ဆိုင်လိုက်ပါတဲ့။ ဘဝဆိုတာ အလှတရားဖြစ်သည်၊ ချီးမွမ်းထောပနာပြုပါ။ ဘဝဆိုတာ စိန်ခေါ်မှုတစ်ခုပါ၊ ရင်ဆိုင်ပြိုင်ပွဲဝင်ပါ။ ဘဝဆိုတာ တာဝန်ဖြစ်သည်။ တာဝန်ကျေဖို့ ဖြည့်ဆည်းပါ။ ဘဝဆိုတာ ဝမ်းနည်းမှုတစ်ခုပါ ကျော်လွှားပါ။ ဘဝဆိုတာ ကံတရားဖြစ်တယ်။ ကံကောင်းအောင် လုပ်လိုက်ပါ။ ဘဝဆိုတာ အချစ်တစ်ခုပါ။ နှစ်သက် ခံစားပါတဲ့"စသည်တို့ ရှိခဲ့ပါတယ်။

ဒါပေမယ့်ဗျာ ဘဝဆိုတာကြီးကို ဘယ်လိုပဲ ခံစားနေကြပါစေ။ ဘယ်လိုပဲသဘောထားနေကြပါစေ။ ဘဝဆိုတာ လူတိုင်းနဲ့ လုံးဝ သက်ဆိုင်လို့နေပါတယ်။ လူတိုင်းလူတိုင်းဟာ ဘဝနဲ့ ကင်းကွာလို့တော့ မရပါ။ ရှောင်လွှဲလို့လည်း မရနိုင်ပါ။ မလွှဲမသွေ ကြုံတွေ့နေကြရမှာပါ။ ရင်ဆိုင်နေကြရမှာပါ။ ဘဝတစ်ခုကို ဖြတ်သန်းကြရမှာ ပျော်ရွှင်စရာတွေကိုလည်း တွေ့ကြရမယ်။ ဝမ်းနည်းစရာတွေလည်း ရှိနေမယ်။ ဖြစ်ချင်တာတွေ ဖြစ်မလာခဲ့သလို၊ မဖြစ်ချင်တာတွေလည်း ဖြစ်နေကြရတယ်။ မမြင်ချင်တာကိုလည်း မြင်နေကြရ၊ မကြားချင်တာကိုလည်း ကြားနေကြရ၊ မကြုံမဆုံချင်တာကိုလည်း မလွှဲမသွေ ကြုံနေကြရ၊ ဆုံနေကြရပြန်ပါတယ်။

ဘဝဆိုတာ ခေါက်ရှာငှက်များ ပျံသန်းကြသလို၊ မြင့်ချီတစ်ခါ နိမ့်ချီတစ်လှဲ့ ရှိနေတတ်ပါတယ်။ အရာရာတိုင်းမှာ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်၊ ဝမ်းနည်းမှုနဲ့ ဝမ်းသာမှုဆိုတာ အတူတွဲလို့ ရှိနေတာကို သတိပြုကြရမှာပါ။ အဲဒီလိုပါပဲ စာရေးသူရဲ့ ဘဝခရီးလမ်းတစ်လျှောက်မှာ ကြုံတွေ့ခဲ့ရ၊ ဖြတ်သန်းခဲ့ရတဲ့ ဘဝဖြစ်စဉ်တွေမှာ အဆိုးအကောင်း၊ ဝမ်းနည်းဝမ်းသာ ပျော်ရွှင်စရာတွေနဲ့ အစဉ်တွဲလို့ နေခဲ့ပါတော့တယ်။

ဥပမာ တင်ပြရရင်- စာရေးသူကို ပြည်ပပညာတော်သင်အဖြစ် အရွေးခံခဲ့ရတဲ့အချိန်က အရမ်းပျော်ခဲ့ရပါတယ်။ ပြည်ပ အတွေ့အကြုံတွေ၊ ခေတ်မီနည်းပညာရပ်တွေကို လေ့လာသင်ယူရမှာဆိုတော့ ပျော်ခဲ့တာပေါ့ဗျာ။ ဒါပေမယ့် မိမိတိုင်းပြည်ကို ပြန်ရောက်ခဲ့ပြီး သုံးလအကြာမှာတော့ လုံးဝမျှော်လင့်မထားတာနဲ့ ကြုံတွေ့ခဲ့ရပြန်တယ်။ သိပ်ချစ်ရတဲ့ ဇနီးသည်ဟာ အသည်းကင်ဆာဝေဒနာ ခံစားရပြီးတော့ လောကကြီးထဲက စွန့်ခွာသွားခဲ့ပါတယ်။ စာရေးသူဟာ ဘဝပျက်လုနီးပါး ခံစားခဲ့ရပါတယ်။ မမျှော်လင့်တာတွေ၊ မဖြစ်ချင်တာတွေ ဖြစ်လာခဲ့ရပါတယ်။

ဇနီးသည် ကွယ်လွန်လို့ကြေကွဲမဆုံး ဖြစ်နေပြီး ဆယ်လအကြာမှာ လက်ထောက်ကထိက ရာထူးတိုးခဲ့လေတော့ ပျော်ခဲ့ရပြန်ပါတယ်။ ဒါပေသိ အမိမဲ့ လူမမယ် သမီးငယ်သုံးယောက်ကို မန္တလေးက မိခင်ကြီးနဲ့ထားခဲ့ရပြီး မုံရွာဒီဂရီကောလိပ်ကို ပြောင်းရွှေ့ခဲ့ရလေတော့ ဝမ်းနည်းမှုတွေက ကြုံလာခဲ့ရပြန်ပါတယ်။ စာရေးသူဟာ ချစ်သူနဲ့ ကွေကွင်းရတဲ့ ဒုက္ခ၊ မိသားစုနဲ့ ခွဲခွာခဲ့ရတဲ့ ဒုက္ခတွေ ခံစားခဲ့ရလေတော့ ဘဝဆိုတဲ့ တိုက်ပွဲကြီးကို ကြုံတွေ့နေခဲ့ရတာပေါ့ဗျာ။

"ဘဝဆိုတာ ဒီလိုပါပဲကွယ်။ လောကဓံကြုံ မတုန်စမ်းပါနဲ့။ စိတ်ခိုင်ခိုင်ထားပါ။"လို့ မိခင်ကြီးက အားပေးစကား ဆိုခဲ့ပါတယ်။ ဆရာကြီးတွေနဲ့ သူငယ်ချင်းတွေကလည်း အားပေးကြပါတယ်။ စိတ်ဓာတ်မကျပါနဲ့၊ မိမိကြုံတွေ့နေရတဲ့ အချိန်နေရာနဲ့ အခြေအနေမှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားစမ်းပါတဲ့။ စိတ်ခိုင်ခိုင်နဲ့ မင်းဘဝကို ပိုင်ပိုင်နိုင်နိုင် တည်ဆောက်ပါတဲ့။

မုံရွာမှာ နေထိုင်စဉ်က စိတ်အားမငယ်ရလေအောင် အစစ ကူညီပေးခဲ့သူ ချစ်သူငယ်ချင်း ဒေါက်တာဝင်းမြင့်(ယခုကွယ်လွန်)ကိုလည်း သတိတရကျေးဇူးတင်မိပါတယ်။ မုံရွာကောလိပ်မှာ နေစရာ အိမ်ခန်းမရလေတော့ မြို့ထဲက သူငယ်ချင်းရဲ့အိမ်မှာ နေထိုင်ခဲ့ရပါတယ်။ သူငယ်ချင်းရဲ့မိခင်ကြီးနဲ့ မိသားတစ်စုက အစစအရာရာ ဂရုစိုက်ကြ၊ စားသောက်ရေး၊ နေထိုင်ရေးတို့ကို ကူညီပေးခဲ့ကြလေတော့ အခက်အခဲတွေ ပြေလည်ပြီး ပျော်ရွှင်ခဲ့ရပါတယ်။ ဒါပေသိ အပျော်နဲ့အတူ စိတ်မချမ်းမြေ့စရာတွေလည်း ရှိခဲ့ပြန်ပါတယ်။ အဲဒီအချိန်က ကျောင်းအုပ်ချုပ်သူရဲ့ စည်းကမ်းတင်းကျပ်မှု၊ ချုပ်ချယ်မှု၊ ကိုယ်ချင်းစာတရား နည်းပါးမှုတွေကြောင့် သမီးများနဲ့တွေ့ဆုံရန် စနေ၊ တနင်္ဂနွေ အားလပ်ရက်များမှာ မန္တလေးသို့ပြန်ရန်ပင် မလွယ်ကူခဲ့ပါ။ ခက်ခက်ခဲခဲနေထိုင်ခဲ့ရလေတော့ စိတ်မချမ်းမြေ့ပါ။ မုံရွာမှာလည်း အဆိုးနဲ့အကောင်းဆိုတာ ဒွန်တွဲလို့ ရှိနေခဲ့ပြန်ပါတယ်။

လုပ်ဖော်ကိုင်ဖက်တွေ သူငယ်ချင်းတွေက သဘောကောင်းခဲ့ကြပေမယ့် အုပ်ချုပ်သူရဲ့ စာနာမေတ္တာကင်းမဲ့မှုကိုတော့ အလူးအလဲ ခံစားခဲ့ရပြန်ပါတယ်။ ဒီလိုနဲ့ပဲ ဝမ်းနည်းဝမ်းသာ ထိုနှစ်ဖြာကို အဖော်ပြုကာ နေလာခဲ့တာ သုံးနှစ်အကြာမှာတော့ မန္တလေးတက္ကသိုလ်ကို ပြန်ပြောင်းခဲ့ရလေတော့ ပျော်တာပေါ့ဗျာ။

ဘဝဆိုတာကို ဖြတ်သန်းခဲ့ရတဲ့ စာရေးသူရဲ့ တွေ့ကြုံခံစားခဲ့ရသမျှ တစ်ပိုင်းတစ်စကို အမှတ်တရ သတိရနေမိခြင်းပါ။ "အတိတ်က ပြန်မရနိုင်တာတွေကို ဥပေက္ခာပြုလိုက်စမ်းပါ။ မိမိအပေါ်မှာ မကောင်းခဲ့တဲ့သူတွေအတွက်လည်း ဝမ်းမနည်းပါနဲ့။ သူ့အကြောင်းနဲ့သူ၊ ကိုယ့်အကြောင်းနဲ့ ကိုယ်ပေါ့ဗျာတဲ့။ ဘဝဆိုတာ ဒီလိုပါပဲ၊ ကြုံတွေ့ကြရမယ်၊ ဆုံဆည်းကြရမယ်၊ ခွဲလမ်းကြတယ် တွယ်တာကြသံယောဇဉ်တွေထားကြတာပေါ့ဗျာ။ မေတ္တာတရားကို သိနားလည်သူတွေ ရှိသလို၊ မေတ္တာကိုစော်ကားလို့ ကျေးဇူးကန်းတဲ့သူတွေလည်း ရှိနေတာပဲဗျာ။ ဒါတွေဟာ သဘာဝတရားပါတဲ့" ချစ်သူငယ်ချင်း ကိုကျော်ဟန်(ကွယ်လွန်)ကြီးက ပြောခဲ့တာတွေကို အခုထိ ကြားနေဆဲပါဗျာ။ သဘောကောင်းလှတဲ့ သူငယ်ချင်းကြီးကို သတိရနေဆဲပါ။

တစ်နေ့တုန်းကပေါ့၊ ခင်မင်ရတဲ့ အစ်ကိုကြီး ဦးအောင်ဝင်း(မန်း)ကလည်း ပြောပြထားပါသေးတယ်။ ဆရာကိုရဲ့ဘဝခရီးမှာ ကြုံတွေ့ခဲ့ရ၊ ဖြတ်ကျော်ခဲ့ရတာတွေကို သိနေပါတယ်ဗျာ။ "ကံတွေကုန်ကြတော့လည်း ဝေးကြရတာပေါ့ဗျာ။ ချစ်တာ အပြစ်မရှိပါဗျာ။ သံယောဇဉ်၊ တွယ်တာမှု၊ မြတ်နိုးမှု၊ ကြင်နာမှုတွေ ရှိနေတာ ဆရာကိုမှာ အပြစ်မရှိပါ။ ချစ်ပါ ခင်ပါ မြတ်နိုးပါဆရာ။ ချစ်သူနဲ့ တွေ့ရတော့ ပျော်တာပေါ့။ ချစ်သူ့စကား နားဝင်ချိုတာပေါ့ဗျာ။ ချစ်သူ့အလှဟာ ဘဝပါ။ ဘဝဆိုတာ အချစ်ဖြစ်သည်၊ နှစ်သက်ခံစားပါ"ဆိုတဲ့ ဆရာ့စကားတွေက အမှန်ပါပဲဗျာ။

"ဒါပေသိ အချစ်တစ်ခုတည်းနဲ့တော့ ဘဝကို မတည်ဆောက်နိုင်ပါဗျာ။ အချစ်ကို မကိုးကွယ်ပါနဲ့။ အစွဲအလန်း မကြီးပါနဲ့။ လွမ်းရတာ သဘာဝတရားဆိုတာတော့ လက်ခံပါတယ်။ ဆရာ့နှလုံးသားကို ဒဏ်ရာတွေရအောင် ရက်စက်သူအတွက်တော့ မခံစားပါနဲ့ဗျာ။ ချန်ထားသူအတွက် မခံစားပါနဲ့ဗျာတဲ့။ ဆရာ့အနားမှာ ကိုယ်တို့ရှိနေပါတယ်။ မုန်းသူတွေရှိသလို၊ ချစ်သူခင်သူတွေလည်းအနားမှာ ရှိနေပါတယ်ဗျာ"လို့ အစ်ကိုကြီးကိုသောင်းက ပြောခဲ့တာကိုလည်း သတိရနေဆဲပါ။

"ဆရာ့ဘဝ၊ ဆရာ့အတိတ်၊ ဆရာ့တာဝန်တွေဟာ အစစအရာရာ တာဝန်ကျေခဲ့ပါတယ်ဗျာ။ အကောင်းအမွန်ဆုံး၊ အသန့်ရှင်းဆုံးဖြစ်အောင် ဆရာလုပ်ပေးခဲ့တယ်။ စည်းမျဉ်းစည်းကမ်း၊ ဥပဒေနည်းဥပဒေများနဲ့အညီ ဆရာတို့ လုပ်ဆောင်ပေးခဲ့ကြပြီးပါပြီ။ ဆရာ့ကို အပြစ်မြင်သူ၊ မချစ်ခင်သူတွေ အတွက်နဲ့တော့ ခံစားမနေစမ်းပါနဲ့ဗျာ" တဲ့ ခင်မင်ကြရတဲ့ ကိုကျော်သင်း၊ ကိုစိုးဝင်းနဲ့ ကိုကိုလေးတို့က အားပေးစကားပြောခဲ့တာတွေ သတိရနေဆဲပါ။ အစစအားပေးကူညီ လက်တွဲခဲ့တဲ့ အစ်ကိုကြီး ဦးငွေအောင် (ကွယ်လွန်)ကိုလည်း သတိရနေဆဲပါ။ အတိတ်ကံအကြောင်းတရားတွေရဲ့ လွှမ်းမိုးမှုလို့ပဲ မှတ်ယူထားလိုက်ပါ့မယ်။

တစ်ခါတစ်ခါတော့လည်း စိတ်ထဲမှာ ခံစားနေရပါသေးတယ်။ ကိုယ်က သူ့အတွက်အကောင်းဆုံး ဖြစ်စေဖို့ ကူညီပေးခဲ့ရတယ်။ နားမလည်တာရှင်းပြ၊ မသိတာဆွေးနွေး၊ အချက်အလက်တွေ ပြည့်စုံစေဖို့ လက်တွေ့ကွင်းဆင်းလေ့လာ၊ အဆင့်မီတဲ့ စာတမ်းတစ်စောင် ဖြစ်လာစေဖို့ ကူညီပေးခဲ့ရတာတွေလည်း ရှိခဲ့ပါသေးတယ်။ လူအား ဉာဏ်အား ဝီရိယစွမ်းအားများနဲ့ ကူညီပေးခဲ့ပါတယ်။ သူ့ဘဝ သူ့အခြေ တင့်တယ်နေတော့လည်း ဝမ်းသာဂုဏ်ယူရပါတယ်။ အခုအချိန်မှာ မိမိအပေါ် ဘယ်လိုပဲ သဘောထားနေပါစေ။ ကျေးဇူးရှင် မဟုတ်ပါလို့ပြောနေလည်း စိတ်မဆိုးတော့ပါ။ မခံစားတော့ပါ။

မည်သို့ပင် ဖြစ်နေခဲ့ပါစေ၊ အတိတ်ကိုမှန်းဆလို့ လွမ်းမနေပါနဲ့။ အတိတ်ဖြစ်စဉ်တွေဟာ ပန်းခင်းလမ်းဖြစ်လို့ နေခဲ့ပါစေ၊ နေခြည်မှာ ရွှေရည်လောင်းလို့ မင်္ဂလာအပေါင်းတို့ ခညောင်းလို့နေပါစေ။ အရာရာကို ဥပေက္ခာ ပြုထားလိုက်ပါ။ ယနေ့ပစ္စုပ္ပန်တဲ့တဲ့ကိုသာ အာရုံပြုပါ။ မြင်လာသမျှ သခၤါရဆိုတဲ့ သဘောကို နှလုံးသွင်းလို့ ပြုံးပျော်ရွှင်ပြ နေထိုင်သွားကြပါ။

မိမိရဲ့ ဖြူစင်တဲ့ လုပ်ဆောင်ချက်များအတွက် ဂုဏ်ယူပါ။ အများအတွက် အဓိကထားလို့ လုပ်ဆောင်ကြပါ။ မည်သူ တရားပျက်နေပါစေ၊ မိမိတို့ကိုယ်တိုင် တရားမပျက်ပါစေနှင့်။ ကောင်းသည်ကိုသာ တွေးတော၍၊ ကောင်းကျိုးချမ်းသာ မင်္ဂလာရှိသည်ကိုသာ လုပ်ဆောင်ကြပါ။ "ဘဝဆိုတာ ပျော်စရာ ကမ္ဘာတစ်ခုပါ။" မိမိတို့ရဲ့ ဘဝတွေကို စိတ်လက်ကြည်သာ ပျော်ရွှင်စွာ ဖြတ်သန်းကြပါဟု အကြံပြုကာ ရေးသားလိုက်ရပါသည်။

**ကိုကိုပံသု(ပခုက္ကူတက္ကသိုလ်)**

## သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိရေးအတွက် တွင်းဆေး၊တွင်းမှုတ်ခြင်းနှင့်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းဦးခေတ်မီ စံပြကျေးရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်ရေ၊ သုံးရေများ ဖူလုံမှုရရှိစေရန်ရည်ရွယ်၍ ကျေးရွာအတွင်းရှိ ရေတွင်းများအား တွင်းဆေး၊ တွင်းမှုတ်ဆောင်ရွက်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၆ရက် နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် ကျွန်းဦးခေတ်မီစံပြကျေးရွာရှိ ရေတွင်းတွင်းတိမ်၊ တွင်းနက်များအား သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တွင်းဆေး၊တွင်းမှုတ်ခြင်းနှင့်ကျေးရွာအတွင်း စုပေါင်း အခြေအနေများကို ကြည့်ရှုပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရေကန်များတွင် ကလိုရင်းဆေးမှုန့်ခတ်ခြင်း၊ ရေသန့်ဆေးများ ဖြန့်ဝေခြင်းများကို ကျေးရွာသူ၊ ကျေးရွာသားများဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ကျေးရွာတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် တွင်းတိမ်၊တွင်းနက် စက်ရေတွင်းများအတွင်း ရွှံ့၊ နွံများဆယ်ယူခြင်း၊ အပေါ်ယံရေလွှာများ ဖယ်ထုတ်ခြင်း၊ တွင်းဆေး၊ တွင်းမှုတ်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ခရိုင်မြို့နယ်များမှ ဦးစီးဌာန ဝန်ထမ်းများက ကျေးရွာသူ၊ ကျေးရွာသားများဖြင့် ပူးပေါင်း၍ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေများဖူလုံစွာ ရရှိစေရန်အတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

(မောင်နိုင်)

၀ - ၀ - ၀ - ၀ - ၀

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမျိုးအောင် မန္တလေးနန်းမြို့ရိုး ကျုံးအနောက်ဘက် စည်ရှည်တံတား ပြန်လည်တည်ဆောက်နေမှုအား ကွင်းဆင်းစစ်ဆေး၊ တမုတ်ဆိုးကျေးရွာရှိ စက်မှုလယ်ယာစိုက်ကွင်းတွင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာရောစပ်ကြဲပက်နေမှုများကို ကြည့်ရှုအားပေး

**မန္တလေး အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ၁၉လမ်း နန်းမြို့ရိုးနှင့် လမ်း ၈၀ ကြား စည်ရှည်တံတားအား ပြန်လည်တည်ဆောက်နေမှု လုပ်ငန်းခွင်သို့ ရောက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးရာဝန်ကြီး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက လုပ်ငန်းများပြီးစီးမှု အခြေအနေများ၊ ပင်မတံတား အရှည် ၆၆ပေ ၃လက်မ၊ ချဉ်းကပ်လမ်း (နန်းမြို့ရိုးဘက်ခြမ်း)ပေ ၈၀ ၄လက်မ၊ ချဉ်းကပ်လမ်း (လမ်း ၈၀ ဘက်ခြမ်း) ၈၄ပေ ၇ လက်မ၊ စုစုပေါင်း တံတားအရှည် ၂၃၁ ပေ ၂ လက်မ၊ ယာဉ်သွားလမ်း အကျယ်၂၄ပေ၊ လူသွားလမ်း အကျယ်(ပင်မတံတား) ၄ ပေ ၆လက်မ၊ လူသွား လမ်းအကျယ် (ချဉ်းကပ်လမ်း)၆ပေ၉လက်မ၊ တံတားအမျိုးအစားမှာအပေါ် ထည်သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်း၊ ကျွန်းတိုင်နှင့် ကျွန်းလက်ရန်းတန်း၊ ကိုယ်ထည်သံကူကွန်ကရစ်၊ တံတားခံနိုင်ဝန်နှင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်း ကျင်းသွားမည့် အခြေအနေစသဖြင့် တံတားတည်ဆောက်နေမှုနှင့် တံတားအချက်အလက်များစပ်လျှဉ်း၍ လိုက်ပါရှင်းလင်းပြပြီး လုပ်ငန်းတစ်ခုလုံး၏ ၂၆ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ သတ်မှတ်အချိန်မီပြီးစီးရန် စီမံဆောင်ရွက်နေပါကြောင်း ရှင်းလင်းပြောကြားရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သတ်မှတ်ကာလအတွင်းပြီးစီးရေးနှင့် အရည်အသွေးစံချိန်စံညွှန်း ပြည့်မီရေးတို့ကို ပြောကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် မန္တလေးတိုင်းဒေသကြီး သန့်ခေါင်စာရင်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့သည် အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု၊ ဂျိုးရွာကျေးရွာရှိ နေအိမ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းအား စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များဖြင့် ကောက်ယူနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တမုတ်ဆိုးကျေးရွာအုပ်စုရှိ ဂျိုးရွာကျေးရွာရှိ ကွင်းအမှတ် ၅၇၀-ခ၊ စက်မှုလယ်ယာကွင်းသို့ ရောက်ရှိပြီး တောင်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် စိုက်ပျိုးသီးနှံများ ရေနစ်မြုပ်ကာ ထိခိုက်ပျက်စီးမှုများရှိခဲ့ပြီး သီးနှံများ အချိန်မီပြန်လည် အစားထိုး စိုက်ပျိုးနိုင်ရေး အလေးထားဆောင်ရွက်နေပါကြောင်း၊ အထွက်နှုန်းလျော့နည်းခြင်းမရှိစေရေး၊ သီးနှံအမျိုးအစားအလိုက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးနိုင်ရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း၊ နည်းလေးမျိုးကို ဟန်ချက်ညီစွာဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနနှင့် တောင်သူများပူးပေါင်းကာ ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

၎င်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးက တိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများနှင့် တောင်သူများ၏ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက တောင်သူများအား စိုက်ပျိုးဧက ၃၀ အတွက် ပိုက်ဆံလျှော်မျိုးစေ့များ၊ သဘာဝမြေဩဇာအိတ်များနှင့် ယူရီးယားဓာတ်မြေဩဇာအိတ်များကိုပေးအပ်ပြီး စက်မှုလယ်ယာကွင်းတွင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာရောစပ်ကြဲပက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)












သတင်း-စာမျက်နှာ ၆









သတင်း-စာမျက်နှာ ၆









# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ရေဘေးသင့်ပြည်သူများအတွက် စတုတ္ထအကြိမ် အလှူငွေထောက်ပံ့လှူဒါန်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

မန္တလေး အောက်တိုဘာ ၇

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ထောက်ပံ့လှူဒါန်းပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် သဘာဝဘေးဒုက္ခကြုံတွေ့ကြရသူများကို ကူညီကယ်ဆယ်ရန် စိတ်အားထက်သန်ကြသူများ၊ သဒ္ဓါတရားကြီးမားကြသည့် စေတနာရှင် အလှူရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များမှ တတ်အားသရွေ့တက်ကြွစွာ ပါဝင်လှူဒါန်းကြသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက အလှူရှင်များမှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်းသည့် အလှူငွေများကိုလက်ခံ၍ အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြောင်းနှင့် ယနေ့လှူဒါန်းသည့်အခမ်းအနားမှာ စတုတ္ထအကြိမ်ဖြစ်ပြီး အလှူရှင်များမှ လှူဒါန်းငွေ စုစုပေါင်းငွေကျပ် ၈၇,၄၅၀,၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**




















သတင်း-စာမျက်နှာ ၈



















## ရေနံနှင့် ရေနံထွက်ပစ္စည်းသိုလှောင်ခွင့်လိုင်စင်များ သက်တမ်းတိုးရန် သတိပေး

**မန္တလေး အောက်တိုဘာ ၇**

ရေနံနှင့်ရေနံထွက်ပစ္စည်းသိုလှောင်ခွင့်လိုင်စင်များကို သတ္တုတွင်းဦးစီးဌာနမှ ခွင့်ပြုချထားပေးရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်၍ ထိုရက်မတိုင်မီ ကြိုတင်ပြီး လိုင်စင်သက်တမ်းတိုး လျှောက်ထားရန်လိုကြောင်း သတိပေးနှိုးဆော်ထားသည်။

ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ သိုလှောင်ခွင့်လိုင်စင်များကို ရေနံနည်းဥပဒေ(၁၁၉)အရ သက်တမ်းကုန်ဆုံးရက်မတိုင်မီ သက်တမ်းတိုးမြှင့်ရန်လိုသည်ဟု ဆိုသည်။

"လာမယ့် ဒီဇင်ဘာလကုန်မှာ သိုလှောင်ခွင့်လိုင်စင်တွေ သက်တမ်းကုန်ဆုံးမှာပါ။ သက်တမ်းမကုန်မီ ၂ လကြိုတင်ပြီး လာမယ့်နှစ်အတွက် သက်တမ်းတိုးလျှောက်ထားဖို့လိုပါတယ်။ အဲဒီအတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးဝန်ကြီးဌာနက အသိပေးထားပါတယ်"ဟု သတ္တုတွင်းဦးစီးဌာန တာဝန်ရှိသူက ပြောသည်။

သက်တမ်းတိုးလျှောက်ထားပါက နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း လျှောက်ထားရန်လိုအပ်ပြီး ပျက်ကွက်ပါက ရက်လွန်ဒဏ်ကြေးငွေအဖြစ် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှစတင်



၍ တစ်ရက်လျှင် သိုလှောင်ခွင့် လိုင်စင်ကြေး၏ ၂ ရာခိုင်နှုန်း ပေးဆောင်ရမည်ဟု သိရသည်။

"အမိန့်ကြော်ငြာစာအမှတ် ၀၃၇/၂၀၂၃ အရသက်တမ်း ကုန်ဆုံးပြီးချိန်နောက်ပိုင်း သက်တမ်းတိုးတင်ပြဖို့ တစ်နှစ်ပျက်ကွက်ခဲ့ရင် လိုင်စင်က အလိုအလျောက် ပျက်ပြယ်သွားမှာပါ။ ဒါကြောင့် မပျက်မကွက်သက်တမ်းတိုးဖို့နဲ့ အချိန်မီသက်တမ်းတိုးဖို့ လိုပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သက်တမ်းတိုးလျှောက်လွှာများကို သတ္တုတွင်းဦးစီးဌာနမှ ထုတ်ပေးသော သိုလှောင်ခွင့်လိုင်စင်မူရင်း၊ နောက်ဆုံးကွင်းဆင်း စစ်ဆေးချက်မူရင်း၊ စက်သုံးဆီအရောင်းဆိုင်နှင့် သိုလှောင်ကန်များ၏ လက်ရှိအခြေအနေကို ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ ပူးတွဲတင်ပြရန်လိုကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**

## ကျောက်ဆည်မြို့၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ဇီဝနည်းပညာသုတေသနဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဇီဝနည်းပညာသုတေသနဦးစီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပရာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာဝင်းက အမှာစကားပြောကြားခဲ့ပြီး ဇီဝနည်းပညာသုတေသနဦးစီးဌာန၊ အစာအဟာရဆိုင်ရာဓာတ်ခွဲခန်းမှ သင်တန်းမှူး ဒေါက်တာအိဖြူကျော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် အဏုဇီဝဗေဒဘာသာရပ်၏ အခြေခံသဘောတရားများ၊ ကျန်းမာရေး အကျိုးပြု ရဲယိုသီး ဖျော်ရည်ပြုလုပ်ခြင်း၊ ရှားစောင်းလက်ပပ်ဖျော်ရည်ပြုလုပ်ခြင်း၊ ကျန်းမာရေးအကျိုးပြု အဏုဇီဝပိုးများကို အသုံးပြု ဒိန်ချဉ်အမှုန့်ပြုလုပ်ခြင်း သင်ခန်းစာများကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၇ ရက်နေ့မှ ၁၃ ရက်နေ့အထိ ၇ ရက်အကြာ စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်/ပြန်ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ကျောက်ဆည်တက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ မန္တလာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ်တို့ကို ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၇

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်တက္ကသိုလ်၌ ၂၀၂၄ ခုနှစ် အဝေးသင်တက္ကသိုလ် ပထမအသုတ် သိပ္ပံသင်တန်းသားများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုကိုလည်းကောင်း၊ ရတနာပုံတက္ကသိုလ်၌ အဝေးသင် ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုကို လည်းကောင်း သွားရောက် ကြည့်ရှုအားပေးပြီး တက္ကသိုလ် သန့်ရှင်းသာယာရေးနှင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများနှင့် တွေ့ဆုံ၍ စာစစ်လုပ်ငန်းများ အမှားအယွင်းမရှိအောင် ကြီးကြပ်ဆောင်ရွက်ရန်၊ အဝေးသင် ဒုတိယအသုတ်နှင့် တတိယအသုတ် အနီးကပ်သင်တန်းများတွင် ကျောင်းသားကျောင်းသူများ အမှန်တကယ် ပညာတတ်မြောက်အောင်စေတနာထား သင်ကြားပေးရန်၊ နိုဝင်ဘာ ၂၁ ရက်တွင် တက္ကသိုလ် ပုံမှန်တန်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်သဖြင့် စာသင်ဆောင်များ၊ အိပ်ဆောင်များ သန့်ရှင်းရေး စီမံဆောင်ရွက်ရန်နှင့် ဆရာ ဆရာမ အရည်အသွေးမြင့် မွမ်းမံသင်တန်းများ ဖွင့်လှစ်ရန်မှာကြားပြီး တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မန္တလာတက္ကသိုလ်ရှိ အဝေးသင် ပထမအသုတ်သင်တန်း စာမေးပွဲခန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး မန္တလေး နိုင်ငံခြားဘာသာ တက္ကသိုလ်သို့ ရောက်ရှိကာ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အနောက်တောင်မုတ်သုံလေ ဆုတ်ခွာ

နေပြည်တော် အောက်တိုဘာ ၇

အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ မိုး/ဇလ




၂၀၂၄ ခုနှစ် အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံမှ ဆုတ်ခွာသည့် ရက်များပြပုံ။

# ပုလောမြို့နယ် တောင်ယာကမ်းရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ရွှေ၊ ငွေ အပါအဝင် အဖိုးတန်ပစ္စည်းများ၊ ဆိုင်ကယ်များကို လုယက်ကာ ဒေသခံပြည်သူများကို ဖမ်းဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေ




နေပြည်တော် အောက်တိုဘာ ၇

တနင်္သာရီ တိုင်းဒေသကြီး ပုလောမြို့နယ် တောင်ယာကမ်းကျေးရွာကို အောက်တိုဘာ ၄ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ရွှေ ငွေနှင့် ဆိုင်ကယ်များကို ခိုးယူလုယက်ကြောင်း၊ အမျိုးသမီးများ၊ ကလေးများနှင့် ရွာသားအများအပြားကိုလည်း ဖမ်းဆီးသွားကြောင်း ရွှေ ငွေ အပါအဝင် အဖိုးတန်ပစ္စည်းများ၊ ဆိုင်ကယ်များကို လုယက်ကာ ဒေသခံပြည်သူများကိုဖမ်းဆီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများဖြင့် မဟုတ်မမှန်စွပ်စွဲ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းများနှင့် ပတ်သက်၍ ၎င်းမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသောတာဝန်ရှိသူများ၏ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ပြည်သူလူထုအပေါ် အနိုင်ကျင့်နှိပ်စက်သည့် လုပ်ရပ်များ ပြုလုပ်ခြင်းမရှိကြောင်း၊ ၎င်းနယ်မြေများအတွင်း စစ်ရေးနှင့်မသက်ဆိုင်သည့် အရပ်သားပြည်သူများကို တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ခြင်း မရှိကြောင်း၊ တပ်မတော်နှင့် ပြည်သူအကြမ်းဖက်မှုနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်နေသည်ကို မနာလို၊ မရှုဆိတ်သည့် အကြမ်းဖက်သမားများနှင့် ၎င်းတို့၏လက်ဝေခံတရားမဝင် ပြည်ဖျက်မီဒီယာများ၏ စွပ်စွဲပြောဆို ရေးသားနေခြင်းသာဖြစ်ကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေမည့် သတင်းအမှားများ ဖြန့်ဝေခြင်းနှင့် PDF အမည်ခံ အကြမ်းဖက် သမားများ၏ အကြမ်းဖက် လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များ အပေါ် အပြစ်ပုံချသည့် သတင်းတု၊ သတင်းမှားများကိုလုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့ရှိ ရပ်ကွက်အချို့တွင် သန်းခေါင်စာရင်းကောက်ယူသူများအား ကျွေးမွေးဧည့်ခံရန် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက ငွေကြေးကောက်ခံနေကြောင်း မဟုတ်မမှန် လုပ်ကြံသတင်းအမှားများဖြင့် လှုံ့ဆော်ရေးသားဖြန့်ဝေ

နေပြည်တော် အောက်တိုဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့ရှိရပ်ကွက်အချို့တွင် သန်းခေါင်စာရင်း ကောက်ယူသူများအား ကျွေးမွေးဧည့်ခံရန် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက ငွေကြေး ကောက်ခံနေကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများအထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

**လုပ်ကြံရေးသားဖြန့်ဝေ**

အဆိုပါ သတင်းနှင့်ပတ်သက်၍ မြို့နယ် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးအား မေးမြန်းရာတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာ ၁ ရက်မှစတင်ကာ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့များ ပူးပေါင်း၍ စတင်ကောက်ယူလျက် ရှိကြောင်း၊ ပြည်သူများက သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်များကို တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်အားပေး လူပုဂ္ဂိုလ်၊ အဖွဲ့များက မနာလို၊ မရှုဆိတ်ဖြင့် သန်းခေါင်စာရင်း ကောက်ယူလျက်ရှိသော တာဝန်ရှိသူများကို ပြည်သူများက အထင်အမြင် လွဲမှားစေရန် ရည်ရွယ်ကာ မဟုတ်မမှန် သတင်းအမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**သိမ်းဆည်းခံရနိုင်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Saw Nander" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဝန်ဇင်းရပ်ကွက်နေ စောနန္ဒအား မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မိတ္ထီလာမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# နိုင်ငံတကာ အားကစား သတင်းများ

## အီဘရာဟီမာကိုနာတေးအား စာချုပ်သက်တမ်းတိုးရန် လီဗာပူးအသင်း စီစဉ်



**လီဗာပူး အောက်တိုဘာ ၇**

လီဗာပူးအသင်းသည် အသင်းနောက်ခံကစားသမား အီဘရာဟီမာကိုနာတေးအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၉ပွဲ ကစားပြီး ၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

လီဗာပူးအသင်းထုတ်ပြန်ချက်တွင် "အီဘရာဟီမာကိုနာတေးအား စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်။ စာချုပ်သစ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ် ချုပ်ဆိုနိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။

(ဝဲပုံ)
(NGB)

## ဖင်နီစီယပ်စ် ပခုံးဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိ



**မက်ဒရစ် အောက်တိုဘာ ၇**

ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဗင်နီစီယပ်စ် ပခုံးဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ တိုက်စစ်မှူးသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းက ဗီလာရီးရဲလ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဗင်နီစီယပ်စ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်ပိုင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဗင်နီစီယပ်စ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲပေါင်း ၂၇၆ပွဲကစားကာ ၈၇ဂိုးထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

(အပေါ်ပုံ) (NGB )

## ဆာနေးအား ခေါ်ယူရန် ဘာစီလိုနာအသင်း စီစဉ်

**ဘာစီလိုနာ အောက်တိုဘာ ၇**

စပိန်လာလီဂါထိပ်သီးကလပ် ဘာစီလိုနာအသင်းသည် ဘိုင်ယန်မြူးနစ်အသင်း တောင်ပံကစားသမား ဆာနေးအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၉ပွဲကစားပြီး ၄၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းကလည်း ဆာနေးအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် လာမည့်ဆောင်းရာသီဈေးကွက်အတွင်းတွင် ဘိုင်ယန်မြူးနစ်အသင်းထံမှ ဆာနေးအား ရရှိအောင် ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)









## ဒီဘရိုင်းအား ခေါ်ယူရန် အယ်လ်နာဆာအသင်းအား စီရော်နယ်လ်ဒို တိုက်တွန်း

**လန်ဒန် အောက်တိုဘာ ၇**

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ၎င်း လက်ရှိကစားနေသည့် အယ်လ်နာဆာအသင်းအား လာမည့်ဆောင်းရာသီဈေးကွက်အတွင်းတွင် မန်ချက်စတာစီးတီးအသင်း ကွင်းလယ်ကစားသမား ဒီဘရိုင်းအား ခေါ်ယူရန် တိုက်တွန်းပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား ဒီဘရိုင်းသည် လက်ရှိအချိန် မန်ချက်စတာစီးတီးအသင်း တာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာဖွယ်ရှိနေကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၃၃)နှစ် အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၅-၂၀၁၆ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၈၈ပွဲ ကစားပြီး ၁၀၃ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် အယ်လ်နာဆာအသင်းအနေဖြင့် စီရော်နယ်လ်ဒို တိုက်တွန်းထားသည့်အတိုင်း မန်ချက်စတာစီးတီးအသင်းထံမှ ဒီဘရိုင်းအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ)
(NGB)

*-*-*-*-*

## နည်းပြ ပိုစတီကိုဂလူ စပါးအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

**လန်ဒန် အောက်တိုဘာ ၇**

စပါးအသင်းသည် လက်ရှိအချိန် အသင်းရလဒ်ဆိုးများကြောင့် နည်းပြ ပိုစတီကိုဂလူအား ရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၇ပွဲ ကစားအပြီးတွင် ရမှတ် ၁၀မှတ်သာရရှိထားပြီး အမှတ်ပေးဇယား အဆင့် ၉ နေရာတွင် ရပ်တည်ကာ ရလဒ်များ ဆိုးရွားခြင်းကြောင့် နည်းပြ ပိုစတီကိုဂလူအား ရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိဟု သတင်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။



နည်းပြ ပိုစတီကိုဂလူသည် စပါးအသင်းအား ၂၀၂၃ခုနှစ် ဇွန်လ ၆ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၄၉ပွဲတွင် ၂၆ပွဲနိုင်၊ ၈ပွဲ သရေ၊ ၁၅ပွဲ ရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် နည်းပြ ပိုစတီကိုဂလူအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း စပါးအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ် ရှိမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## ပေါ့ဂ်ဘာ ဂျူဗင်တပ်အသင်းနှင့် နှစ်ဦးသဘောတူ စာချုပ်ဖျက်သိမ်းဖွယ်ရှိ

**တူရင် အောက်တိုဘာ ၇**

ဂျူဗင်တပ်အသင်းသည် အသင်းကွင်းလယ်ကစားသမား ပေါ့ဂ်ဘာနှင့် နှစ်ဦးသဘောတူ စာချုပ်ဖျက်သိမ်းသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အစောပိုင်းက တားမြစ်ဆေး သုံးစွဲထားသည်ဟု စစ်ဆေးတွေ့ရှိခဲ့ခြင်းကြောင့် လေးနှစ်အထိ ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရသော်လည်း လက်ရှိအချိန်တွင် အယူခံအောင်မြင်ခဲ့ခြင်းကြောင့် ၁၈ လအထိ လျှော့ပေါ့ခံခဲ့ရကာ လာမည့် ၂၀၂၅ မတ်လလောက်တွင် မြက်ခင်းစိမ်းပေါ်သို့ ပြန်လည်ခြေချနိုင်မည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာအနေဖြင့် ဂျူဗင်တပ်အသင်းနှင့် အမှန်တကယ် နှစ်ဦးသဘောတူ စာချုပ်ဖျက်သိမ်းခဲ့ပါက မည်သည့်ကလပ်အသင်းကိုမဆို စိတ်ကြိုက်ပြောင်းရွှေ့ခွင့် ရရှိသွားမည်လည်းဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ပေါ့ဂ်ဘာကို မေဂျာလိဂ်ကလပ်အသင်းများအပြင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေသည်။

ထို့ကြောင့် ပေါ့ဂ်ဘာအနေဖြင့် ဂျူဗင်တပ်အသင်းနှင့် စာချုပ်ဖျက်သိမ်းပြီးနောက် မည်သည့်အသင်းသို့ ပြောင်းရွှေ့ကစားမည်လည်းဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။



(ဝဲပုံ)
(NGB)

## 2024 China Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Coco Gauff ဆွတ်ခူး

**ပေကျင်း အောက်တိုဘာ ၇**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 China Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်တင်းနစ်မယ် Coco Gauff က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါအမေရိကန်တင်းနစ်မယ် Coco Gauff သည် 2024 China Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ချက်တင်းနစ်မယ် Karolina Muchova အား 6-1၊ 6-3 ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။



အသက်(၂၀)နှစ် အရွယ်ရှိ Coco Gauff က "ကျွန်မ အခုလို 2024 China Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်မနိုင်ငံအတွက်လည်း အကောင်းဆုံး ဂုဏ်ဆောင်နိုင်ခဲ့ပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ဝဲပုံ)
(NGB)

### အရှေ့တောင်အာရှ ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ခြေစစ်ပွဲ) (ပ-ကျော့)ပွဲစဉ်

နိုင်ငံကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၈-၁၀-၂၀၂၄ အင်္ဂါနေ့ | ည၇း၀၀နာရီ | ဘရူနိုင်း - တီမော |

# စဉ့်ကိုင်မြို့နယ်တွင် ရေဘေးသင့်ပြည်သူများအား လှူဒါန်းသည့်ပစ္စည်းများ ပြည်သူများလက်ဝယ်အရောက် ဆက်လက်ထောက်ပံ့ပေးအပ်



**စဉ့်ကိုင် အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနတို့က ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာအုပ်စု ၁၈အုပ်စုမှ ရေဘေးသင့်ကျေးရွာ ပြည်သူများအား ပစ္စည်းများထောက်ပံ့ လှူဒါန်းခဲ့ကြရာ အောက်တိုဘာ ၆ရက် နံနက်ပိုင်းက ရေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ဆက်လက်ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးပြည့်ဖြိုးအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လင်းနှင့် မြို့နယ်ဒုတိယဦးစီးမှူး ဦးဇော်မင်းဆင့်တို့က အနီးကပ်ကြီးကြပ်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာမှ ဝန်ထမ်းများ၊ စာရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား အဖွဲ့များခွဲ၍ ရေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် စနစ်တကျ ထောက်ပံ့ပေးအပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆန် ၁၉ပြည်ပါ ၇၁၇ အိတ်၊ ၂၄ပြည်ပါ ငါးအိတ် စည်သွပ်ဘူး ၁၁၃၆၆ဘူး၊ ဆီ ၁၀ပိဿာပုံး ငါးပုံး၊ ဆီ၅၀ ကျပ်သားပါဘူး ၅၀၄ဘူး၊ ၁၂ လုံးပါ ရေသန့်ကတ် ၀ ဒသမ ၅ လီတာ ၁၅၀ကတ်၊ ၁ လီတာ ၄၃၀ကတ်၊ အထုပ်၃၀ပါ ခေါက်ဆွဲခြောက်ဖာ ၇၁၅၄ဖာ၊ အထုပ်သေး၅၀ပါ သီးစုံခေတ်ဆားထုပ် နှစ်ထုပ်၊ ၇၂ခုပါ ဘီစကွတ်မုန့်အစုံ ၁၆ဖာ၊ တီရှပ်အင်္ကျီ ၅၀၀ ထည်၊ အမျိုးသား၊ အမျိုးသမီး ကလေးဝတ်အင်္ကျီ ၁၉၀၀ထည်၊ မွှို့ခေါင်းအုံး အလုံး၇၀နှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လက်အောက်ရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ အမျိုးသားဝတ်လုံချည် ၂၂၄ထည်၊ အမျိုးသမီးဝတ်လုံချည် ၂၅၀ထည်၊ စောင် ၁၀၇ ထည်၊ တဘက် ၁၀၇ထည်၊ တာပေါ်လင်စ ၁၀၇စ၊ ဒန်အိုး ၁၀၇ လုံး၊ စတီးဇလုံ ၁၀၇လုံး၊ တီရှပ်အင်္ကျီ ၄၇၄ထည်၊ ဆပ်ပြာခဲ ၁၀၇ခဲ၊ ခြင်ထောင် အလုံး၂၀၀၊ ပလတ်စတစ်ပုံး ၁၀၇ပုံး၊ စတီးဓား ၁၀၇ချောင်း၊ စတီးဇွန်း ၂၁၄ချောင်း၊ သောက်ရေခွက် ၁၀၇ လုံး၊ ပန်းကန်ပြား ၄၇၄ချပ်၊ ရေချိုးခွက် ၁၀၇ခွက်တို့ လှူဒါန်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၅၁)



# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

**မိုင်းစံ အောက်တိုဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့တွင် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် မိုင်းစံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲ ၁ နာရီက စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲပြသခြင်းကို မိုင်းစံမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မိုင်းစံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာထွေးက အသိပညာပေးဟောပြောပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

ထို့နောက် မိုင်းစံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက်-၃ ဒေါ်ကေသွယ်စိုးက ကျောင်းသား၊ ကျောင်းသူများအား ရုပ်ပြစာအုပ်များ၊ ပုံပြင်စာအုပ်များပါ အသိပညာဗဟုသုတရရှိစေမည့် ခေါင်းစဉ်များကို ဖတ်ပြခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ရာ မိုင်းစံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းများက ပြန်လည်ရှင်းလင်း အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ ဟောပြောပွဲအပြီးတွင် မိုင်းစံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာဗဟုသုတ ကြွယ်ဝစေရန် နံရံကပ်စာစောင်များ ခင်းကျင်းပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# စာဖတ်ရှိန်မြှင့်တင်ရေး (Book Club) အဖွဲ့ဝင်များ စာဖတ်ဝိုင်း ကျင်းပ

**တပ်ကုန်း အောက်တိုဘာ ၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များပူးပေါင်းကာ မြို့နယ်အတွင်းရှိ စာဖတ်ဝါသနာပါသူများနှင့်အတူ စာပေဖတ်ရှုသည့် အလေ့အထကောင်းများရရှိစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကျင်းပလျက်ရှိရာ စာရေးဆရာချစ်နိုင်(စိတ်ပညာ) ရေးသားထားသည့် "အောင်မြင်ခြင်းရဲ့အုတ်မြစ်" စာအုပ်ကို အောက်တိုဘာ ၆ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပခဲ့သည်။

ထိုစာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ မြို့နယ်စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကြည် (မောင်ကြည်မူ-ပျဉ်းမနား) နှင့် အဖွဲ့ဝင်တို့က စာပေဝါသနာပါသူများနှင့်အတူ စာရေးဆရာ ချစ်နိုင် (စိတ်ပညာ) ရေးသားထားသည့် "အောင်မြင်ခြင်းရဲ့အုတ်မြစ်" စာအုပ်တွင်ပါရှိသော ပညာကိုမြတ်နိုးတတ်သော၊ ပညာအကျင့်၊ လမ်းမှန်သိမြင်၊ ကံဆိုသည်မှာစေတနာ၊ ကံကောင်းခြင်းစသည့် ခေါင်းစဉ်များဖြင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

(အောက်ပုံ)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တပ်ကုန်းမြို့နယ်ရုံး အနေဖြင့် ပြည်သူများအသိပညာဗဟုသုတများရရှိစေရန်အတွက် Online မှ တစ်ဆင့် အသိပညာပေးအစီအစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် စာဖတ်ဝိုင်းများကိုလည်း လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# တို့လူငယ်ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းဖွင့်လှစ် ကျန်းမာရေးစစ်ဆေးကုသပေး၊ ဆေးပစ္စည်းများဝယ်ယူရန် ငွေပဒေသာပင်လှူဒါန်း

**မန္တလေး အောက်တိုဘာ ၇**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာအိမ်ရာ၊ ၄၇ (A) လမ်းနှင့် ၁၁၈(B)လမ်း၊ မမ(၂၆)ရှိ တို့လူငယ်ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းကို အောက်တိုဘာ ၅ရက် နံနက် ၆နာရီခွဲက ဖွင့်လှစ်၍ ညနေ ၄နာရီ မိနစ်၄၀အထိ လူမျိုးဘာသာ ဆင်းရဲချမ်းသာ ဒေသမရွေး လူနာ ၁၅၀ကျော်အား အထွေထွေရောဂါ၊ သွားနှင့်ခံတွင်းရောဂါများကို စေတနာပြည့်ဝသော ဆရာဝန် သုံးဦး၊ သူနာပြုဆရာမ သုံးဦးဖြင့် အခမဲ့ကုသပေးခဲ့သည်။ လာရောက်ပြသသူများအား နံနက်ခင်း ထမင်းဆီဆမ်း၊ ကြက်ဥကြော်များဖြင့် အာဟာရ ဒါနပြုသည်။



တို့လူငယ်ဆေးခန်းသို့ ဆေးပစ္စည်းများ ဝယ်ယူရန် ချမ်းမြသာစည်မြို့နယ် ၇၃လမ်းနေ ဦးမြင့်သိန်း (မောင်ကျေးရေ)+ ဒေါ်မေ မိသားစုက အောက်တိုဘာလအတွက် ဆေးပဒေသာပင်ငွေကျပ် ၄၅၀၀၀၀တို့ကို လာရောက်လှူဒါန်းခဲ့ကြသည်။

တို့လူငယ် ကုသိုလ်ဖြစ်ဆေးခန်း တစ်ပတ်ဖွင့်လျှင် လူနာ ၁၂၀၊ ၁၅၀ဦးခန့် ကုသပေးလျက်ရှိရာ ဆေးခန်းရေရှည် ဆက်လက်ရပ်တည်နိုင်ရေး ဆေးနှင့်ဆေးပစ္စည်းများအား ဖုန်း ၀၉-၂၅၉၅၁၀၃၉၈ နှင့် ၀၉-၂၅၅၀၆၈၅၃၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

# ထိခိုက်ဒဏ်ရာပြင်းထန်ရေးဦးပြုစုခြင်း သင်တန်းဖွင့်လှစ်



**မန္တလေး အောက်တိုဘာ ၇**

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏အထောက်အပံ့ဖြင့် ဖွင့်လှစ်သော ထိခိုက်ဒဏ်ရာပြင်းထန်ရေးဦးပြုစုခြင်း Trauma First Aid (Provider) Training သင်တန်းကို အောက်တိုဘာ ၁ ရက်မှ ၄ရက်အထိ Eastern Palace Hotel တွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးခိုင်မှ နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဌာန ပြန်ကြားရေးမှူးနှင့် နည်းပြများက ထိခိုက်ဒဏ်ရာပြင်းထန်ရေးဦးပြုစုခြင်းဘာသာရပ်အား သင်ကြားပို့ချပေးခဲ့သည်။

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး မြို့နယ်များမှ သင်တန်းသား ၂၁ဦး တက်ရောက်ခဲ့ကြပြီး အောက်တိုဘာ ၄ရက်က သင်တန်းဆင်းပွဲကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်ကျော်က သင်တန်းဆင်းအမှာစကားပြောကြားကာ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ဝ၄၅)

# ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲ ကျင်းပ




**မန္တလေး အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးက ကြီးမှူးကျင်းပသော ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီခွဲက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးပညာရေးမှူး ဦးကျော်မိုးထွန်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးအောင်ဆွေဦး၊ ဦးကြည်စိန်၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းဒေသကြီး ပညာရေးမှူး၊ဒုတိယညွှန်ကြားရေးမှူးချုပ်က ကန်တော့ခံ ဆရာကြီး၊ဆရာမကြီးများအား ဂုဏ်ပြုကန်တော့ရန်ဆောင်ရွက်ခဲ့ရသည့် အခြေအနေများကို တင်ပြပြီး ကန်တော့ခံဆရာကြီး၊ဆရာမကြီးများအား ကန်တော့ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား တိုင်း၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်းကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများက ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြပြီး ကန်တော့ခံ ဆရာကြီး၊ဆရာမကြီးများကိုယ်စား တိုင်းဒေသကြီးပညာရေးမှူး (စစ်ဆေး)(ငြိမ်း) ဆရာကြီး ဦးအောင်ကြွယ်က ဆုပေးစကား ပြောကြားသည်။

အခမ်းအနားတွင် တစ်မြို့နယ်လျှင် ဆရာကြီး၊ ဆရာမကြီး တစ်ဦးစီနှင့် အခြေခံပညာဦးစီးဌာနမှ အသက်(၇၀)နှင့်အထက်နှင့် ဒုတိယညွှန်ကြားရေးမှူးအထက်ရှိသူ ၁၇ဦး၊ စုစုပေါင်း ဆရာကြီး၊ ဆရာမကြီး ၄၅ဦးကို ပူဇော်ကန်တော့ခြင်းဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ) (ဝ၉၃)**

# သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တံတားနှင့် ရေအားလျှပ်စစ်လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် အောက်တိုဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊မိုင်းဖြတ်မြို့နယ်တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းကိုနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ပျက်စီးခဲ့သည့် တံတားနှင့် ကန်လုံရေအားလျှပ်စစ်တို့၏ အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် တာချီလိတ်ခရိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်နှင့် အဖွဲ့ဝင်များသည် မိုင်းဖြတ်-မိုင်းခုတ်-မိုင်းဆက်သို့ ဆက်သွယ်ထားသည့် တံတားအမှတ်(၂/၉၅)၊ ဘေလီတံတား ပေ ၆ဝ ၄ ခန်း၊ ရေလည်တိုင် ၃ တိုင် အနက် အလယ်ရေလယ်တိုင် (P2)၊ ၁၅ ဒီဂရီခန့် တိမ်းစောင်းသွားမှု အခြေအနေအားလည်းကောင်း၊ နမ့်လုံချောင်းပေါ်ရှိ ကန်လုံပုဂ္ဂလိကရေအားလျှပ်စစ် စက်ရုံ ရေကြီးရေလျှံမှုကြောင့် နုန်းထုတ်ပေါက်တံခါးနှင့် စက်ရုံရေဝင်မြောင်းတို့၌ သဲနုန်း ၁၅ ပေခန့်နှင့် သစ်မြစ်ဆုံ ၆ပေခန့် ပိတ်ဆို့နေမှုကြောင့် လျှပ်စစ်မီးဖြန့်ဝေခြင်းမပြုနိုင်သည့်အတွက် မြေပြင်အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါလုပ်ငန်းများသည် စက်တင်ဘာ ၁၀ ရက်က မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် နမ့်လုံချောင်းရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး နမ့်လုံချောင်းသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ဝမ်ပုံတံတား ၁၅ ဒီဂရီခန့် တိမ်းစောင်းခြင်းကြောင့် ဆိုင်ကယ်နှင့် လူများသာ ဖြတ်သန်းခွင့်ပြုခြင်း၊ ပုဂ္ဂလိက ကန်လုံရေအားလျှပ်စစ် စက်ရုံတွင် နုန်းပိတ်၊ သစ်မြစ်ဆုံ ပိတ်ဆို့ခြင်းကြောင့် မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးနိုင်ခြင်းမရှိကြောင်း သိရသည်။



(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# မူလတန်းကြိုကျောင်း၌ ဉာဏစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ပခုက္ကူ အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ပခုက္ကူမြို့၊ မူလတန်းကြိုကျောင်း၌ ယမန်နေ့ နံနက် ၉နာရီက ဉာဏစွမ်းရည်ပြိုင်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူမြို့၊ မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန္ဒာအောင်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များနှင့် ပြိုင်ပွဲစည်းမျဉ်း၊စည်းကမ်းများအကြောင်း ရှင်းလင်းပြောကြားပြီး ပုံပြင်၊ ကဗျာ၊ သီချင်းနှင့် စိတ်ကြိုက်ပန်းချီပြိုင်ပွဲများ ကျင်းပရာ ပခုက္ကူမြို့၊ မူလတန်းကြိုကျောင်းမှ ကျောင်းသား၊ကျောင်းသူ ရင်သွေးငယ် ၁၅ဝ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အခမ်းအနားတွင် ပခုက္ကူခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သန္တာဦး၊ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုမာ၊ မူလတန်းကြိုကျောင်း ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသား၊ကျောင်းသူ ရင်သွေးငယ်လေးများ၊ ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၃၄ဝ)

*-*-*-*-*

# စားအုန်းဆီလက်ကားရည်ညွှန်းစျေး (၂၆၅ ကျပ်)ခန့် စျေးကျ

ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် စျေးကွက်နှင့် စျေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုများအရ ယခု တစ်ပတ် အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်စျေး အခြေခံလက်ကား ရည်ညွှန်းစျေးတစ်ပိဿာလျှင် ငွေကျပ် ၆၄၅၅ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့်တစ်ပတ် စက်တင်ဘာ ၃ဝရက်မှ အောက်တိုဘာ ၆ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်စျေး အခြေခံလက်ကား ရည်ညွှန်းစျေး တစ်ပိဿာလျှင် ငွေကျပ် ၆၇၂ဝ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် အခြေခံလက်ကား ရည်ညွှန်းစျေးသည် တစ်ပိဿာလျှင် ငွေကျပ် ၆၄၅၅ ဖြစ်သဖြင့် ငွေကျပ် ၂၆၅ ခန့် စျေးကျလာခြင်းဖြစ်သည်။

စားအုန်းဆီ ကမ္ဘာ့စျေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် စျေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB စျေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းစျေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းစျေးနှုန်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် အပတ်စဉ် ထုတ်ပြန်ပေးလျက်ရှိသည်။



အပတ်စဉ် ဖော်ပြပေးနေသော အခြေခံလက်ကားရည်ညွှန်းစျေးသည် ရန်ကုန်အထိုင်လက်ကားစျေးဖြစ်ပြီး မြန်မာနိုင်ငံအရပ်ရပ်သို့ သယ်ယူပို့ဆောင်ရသဖြင့် မြို့အလိုက် သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊သတ်မှတ်ထားသည့် အမြတ်ရာခိုင်နှုန်းမှလွဲ၍ စားအုန်းဆီများကို စျေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း၊ မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ခြင်းနှင့် လက်လီစျေးကွက်တွင် ဖြစ်သင့်ဖြစ်ထိုက်သည့်စျေးဖြင့် ရောင်းချခြင်းမရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)

*-*-*-*-*

## ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုအောက်ရှိ တည်းခိုခန်းများအား အဆင့်အတန်းမြင့်မားရေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**ညောင်ဦး အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၌ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်သည့်အခါ အဆင်ပြေချောမွေ့စေရေးအတွက် အဆင့်အတန်းရှိသော တည်းခိုခန်းများဖြစ်စေရေးနှင့် အရိပ်အာဝါသကောင်းမွန်ရေးတို့အတွက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် တည်းခိုခန်းပိုင်ရှင်များ၊ မန်နေဂျာများနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ညောင်ဦးမြို့ စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီခွဲက ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားတွင် ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မျိုးခိုင်ဝင်းက တည်းခိုရိပ်သာများ အဆင့်အတန်းမြင့်မားရေး ထပ်ဆင့်ရှင်းလင်းဆွေးနွေးကာ ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိ ဦးခင်မောင်ခက တည်းခိုခန်းလိုင်စင်ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။ တက်ရောက်လာသည့် ခရိုင်၊ မြို့နယ်သက်ဆိုင်ရာဌာနဆိုင်ရာများဖြစ်သည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင် မီးသတ်ဦးစီးဌာန၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ခရိုင်လျှပ်စစ်မန်နေဂျာနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းဆွေးနွေးတင်ပြကြပြီး၊ တက်ရောက်လာသည့် တည်းခိုရိပ်သာပိုင်ရှင်များ၊ မန်နေဂျာများက တည်းခိုရိပ်သာများ သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်ကြမည့် အစီအစဉ်များ တင်ပြဆွေးနွေးကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)** **(၄၈၁)**





## MSME ထုတ်ကုန်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**မကွေး အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ MSME ထုတ်ကုန်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို အောက်တိုဘာ ၃ ရက်က အဆိုပါရုံးရှိ သင်တန်းခန်းမတွင် ပြုလုပ်သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က အဖွင့်အမှာစကားပြောကြားရာတွင် လုပ်ငန်းရှင်များအနေဖြင့် အစားအသောက်များ ရောင်းချထုတ်လုပ်ရာတွင် ထုတ်ပိုးမှုကောင်းမွန်ပြီး တာရှည်ခံဖို့ လိုအပ်ပါကြောင်း၊ ထို့အတူ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင်လည်း အရည်အသွေးရှိရှိ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်းနှင့် တက်ရောက်လာသည့် လုပ်ငန်းရှင်များအနေဖြင့် MSME ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် သုံးစွဲသူပြည်သူများ စိတ်ပါဝင်စားမှုနှင့် ဆွဲဆောင်မှုရှိစေရေး ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကိုလည်း ပိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဆုဝေဖြိုးက MSME ထုတ်ကုန်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များက MSME ထုတ်ကုန်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အောင်ကို(ဖန်ခါးမြေ)**

## ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံဧက ၈၀၀၀၀ကျော် လျာထားစိုက်ပျိုး ဆောင်ရွက်သွားမည်

**ပွင့်ဖြူ အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး၊ပွင့်ဖြူမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် လယ်ယာသီးနှံ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်းရှိ တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် တစ်မြို့နယ်လုံး ဆောင်းသီးနှံစုံစိုက်ဧက ၈၀၀၀၀ ကျော် လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေအပြင် မုန်းချောင်းရေနှင့် မြေအောက်ရေတို့ကို အကျိုးရှိစွာ အသုံးချပြီး(နွေ၊ မိုး၊ ဆောင်း) တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရကာ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်လည်း မြို့နယ်အတွင်း လယ်ယာသီးနှံ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နေကြာ၊ နှမ်း၊ ပန်းနှမ်း စိုက်ပျိုးခြင်းအပြင် ဖူးစားပြောင်း၊ ပဲမျိုးစုံသီးနှံ၊ စားဖိုဆောင်သီးနှံမျိုးစုံနှင့် အခြားအထွေထွေ စားသုံးသီးနှံများကို စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ သီးနှံများစိုက်ပျိုးရာ၌ တောင်သူများ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးနှင့် သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်းပြီး စိုက်ပျိုးရေးဆိုင်ရာ တောင်သူအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၄၄၅)**

*-*-*-*-*

## အဆင့်မြင့် RC နှစ်ထပ် ဈေးရုံသစ်ကြီး တည်ဆောက်ပြီးစီးမှုအား တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**တန့်ယန်း အောက်တိုဘာ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်၌ မြို့နယ်စည်ပင်သာယာရေးဌာနပိုင် မြို့မဈေးအနောက်ဘက်ခြမ်းရှိ အဆင့်မြင့် RC နှစ်ထပ် ဈေးရုံသစ်ကြီး တည်ဆောက်ပြီးစီးမှုအား တာဝန်ရှိသူများက ယမန်နေ့နံနက် ၉နာရီတွင် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အဆင့်မြင့် RC နှစ်ထပ် ဈေးရုံသစ်ကြီး တည်ဆောက်ပြီးစီးမှုအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ထွန်းတင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်နှင့် ခရိုင်နှင့်မြို့နယ်တို့မှ တာဝန်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြရာ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ မိုင်းဟသ်ာထွန်းနှင့် ဈေးရုံသစ်တည်ဆောက်သည့် 178 Construction Co., Ltd မှ တာဝန်ရှိသူက ဈေးရုံတည်ဆောက်ပြီးစီးမှုနှင့် ဆိုင်ခန်းများ ဖွဲ့စည်းမှုအခြေအနေကို ရှင်းလင်းတင်ပြကာ ဈေးရုံသစ်ကြီးအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဈေးရုံသစ်မှာ အလျားပေ ၂၀၀၊ အနံ ၈၆ ပေရှိ အဆင့်မြင့် RC နှစ်ထပ် ဈေးရုံသစ်ကြီးဖြစ်ပြီး ဆိုင်ခန်းပေါင်း ၁၈၆ ခန်း ပါရှိကြောင်း မြို့နယ်စည်ပင်သာယာရေးဌာနမှ သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*



## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက် ၈နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။



အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဝန်ထမ်းများ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ် ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေး အသိပညာပေး ပြောကြားပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**ဇော်ဝမ်းထွန်း(အောင်လံ)**

## ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးစဉ်ဒေသဖော်ဆောင်ရေး အစည်းအဝေးကျင်းပ

**မင်းဘူး အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊မင်းဘူး(စကု)မြို့နယ်အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးစဉ်ဒေသဖော်ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက မင်းဘူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မင်းဘူး(စကု)မြို့နယ်အတွင်းမှ မန်းရွှေစက်တော်၊ စက္ကိန်းတဲ၊ ထေရ်ကြီးဘုရားများ၊ နဂါးပွက်တောင်၊ ရုပ်စုံကျောင်းနှင့် ပိဋကတ်တိုက်ကျောင်းများ၊ ပွင့်ဖြူမြို့မှ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား၊ဆံရစ်ဝိုင်းလေးများရှိရာ ရေပုတ်ကြီးရွာနှင့် လယ်ကိုင်းရုပ်စုံကျောင်း၊ စလင်းမြို့မှ ဝက်သည်းကန်၊ ဗိုလ်ဥတ္တမခံတပ်နှင့် စလင်းရုပ်စုံကျောင်းများစသော ဒေသတွင်းမှ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများကို အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ အလွယ်တကူ သွားရောက်လေ့လာ လည်ပတ်နိုင်စေရန် လမ်းညွှန်အမှတ်အသားများပြ မြေပုံအညွှန်းများ၊ ဗီနိုင်းပိုစတာများစိုက်ထူ၍ ပြသထားရမှာဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။



ထိုခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးစဉ်ဒေသဖော်ဆောင်ရေးအစည်းအဝေးသို့ မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်၊မင်းဘူး(စကု) မြို့နယ် မယ်ဘော့ကုန်းကျေးရွာမှ သမိုင်းသုတေသီ၊ စာရေးဆရာ ဦးကျော်စိန်ဝင်းနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) (၅၀၄)

## မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေး

**ကံမ အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် တောင်သူများ မိုးရာသီစိုက်ပျိုးထုတ်လုပ်မှု အဆင်ပြေစေရန် အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၂အုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူများအား ထုတ်ချေးပေးလျက်ရှိရာ ယမန်နေ့ နံနက် ၁၀ နာရီက အင်းဘဲကျေးရွာအုပ်စုမှ တောင်သူ ၁၄၇ ဦးတို့၏ မိုးစပါးစိုက်ဧက ၄၆၃ ဧကနှင့် နှမ်းစိုက်ဧက ခုနစ်ဧကတို့အတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးပြီး မြို့နယ်မန်နေဂျာ ဒေါ်မေလတ်ဝင်းက ဘဏ်အဖွဲ့ဝင်တောင်သူများ လိုက်နာရမည့် စည်းကမ်းများအား ရှင်းလင်းဆွေးနွေးခဲ့သည်။



(ဝဲပုံ)

ထိုသို့ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးရာတွင် မိုးစပါးစိုက်ပျိုးမြေ တစ်ဧကလျှင် ငွေကျပ်တစ်သိန်းငါးသောင်းကျပ်နှုန်း မြေပဲ၊ နှမ်းအစရှိသည့် အခြားသီးနှံစိုက်ဧကတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ယနေ့အထိ ကျေးရွာအုပ်စု ၅၀အုပ်စုမှ တောင်သူ ၅၇၇၃ဦး၏ မိုးစပါးစိုက်ဧက ၁၅၅၃၆ ဧက၊ နှမ်းစိုက်ဧက ၁၂၁၂ ဧကနှင့် ပဲတီစိမ်းစိုက်ဧက ၄၂၈ဧကတို့အတွက် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၂၄၉၄၄ အား ထုတ်ချေးပြီးစီးပြီဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။**မြို့နယ်(ပြန်/ဆက်)**

တိုက်တာဆင့်ဆင့်၊ မိုးထိမြင့်လည်း
ပန်းနှင့်သစ်ပင် ၊ မတွေ့မြင်က
ဝန်းကျင်ခြောက်ခန်း ၊ စိတ်ပင်ပန်း၏။




ဖတ်စရာ၊ မှတ်စရာ
စုံလင်
ပန္နက်လေး

### အဓိက

- လူတွေရဲ့ ပါးစပ်ဖျားမှာ
ပြောစမှတ်ပြုကြတာ
စိုက်မွေးမှ ဝန်ထမ်းများ
အမြဲကြိုးစားထား ။
- တစ်ပတ်တစ်ခါ အစီအစဉ်မှာ
ဟင်းသီးဟင်းရွက် ဝေငှတာ
ဌာနများအတွက် စေတနာထား
မမောမပန်းနိုင်အား ။
- သေသေချာချာ ရှင်းပြမယ်
အဖြေက ဒီလိုကွယ်
နေ့စဉ်စားသုံးတဲ့ ဆန်စပါး
သူက ထုတ်လုပ်ထား ။
- ဌာနများထဲမှာ အရေးပါ
အားလုံးသိဖို့ရာ
လူသားအားလုံးနဲ့ အဓိက
စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ။

သန်းနိုင်စိုး(စိုက်/မွေး)

## ဒေသတွင်း သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး တောင်သူစိုက်ပျိုးနည်းပညာပေးသင်တန်း ဖွင့်လှစ်သင်ကြား

**မင်းဘူး အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊မင်းဘူး(စကု)မြို့နယ်၌ ဒေသခံတောင်သူများ သီးနှံများစိုက်ပျိုးရာတွင် မျိုး၊ မြေ၊ ရေ စိုက်ပျိုးနည်းစနစ်တို့ကိုအခြေခံ၍ ဒေသတွင်း သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်း တိုးတက်ရရှိရေးအတွက် တောင်သူစိုက်ပျိုးနည်းပညာပေးသင်တန်းကို ယမန်နေ့ မွန်းလွဲပိုင်းက ဥယျာဉ်ဇင်ကျေးရွာအုပ်စု၊ သိမ်ကုန်းနည်းပညာပြန့်ပွားရေး စင်တာဝင်းအတွင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် မင်းဘူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဇော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်တို့က သင်တန်းသားများအတွက် သင်ခန်းစာပို့ချချက်မှတ်စုများနှင့် သင်ထောက်ကူစာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ဖွင့်လှစ်သည့် တောင်သူ စိုက်ပျိုးနည်းပညာပေး ရက်တိုသင်တန်းတွင် မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၃အုပ်စုမှ ဆီထွက်သီးနှံနေကြာစိုက် အကျိုးဆောင်တောင်သူ ၃၀ ဦး၊ ချည်မျှင်ရှည်ဝါသီးနှံ တိုးချဲ့စိုက်အကျိုးဆောင်တောင်သူ ၃၀ ဦး စုစုပေါင်း သင်တန်းသား၊သင်တန်းသူ ၆၀ဦး တက်ရောက်ခဲ့ကြောင်း၊ အဆိုပါသင်တန်းတွင် ဒေသတွင်းစားသုံးဆီဖူလုံစေရန် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သီးနှံသက်တမ်းအလိုက် လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်များ၊ မြေဆီလွှာ ကျန်းမာသန့်စွမ်းဖွံ့ဖြိုးတိုးတက်စေရန် သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲနည်းနှင့် ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲရေး၊သီးနှံစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များကို စနစ်တကျရွေးချယ်သုံးစွဲ စိုက်ပျိုးရေး၊ အထွက်နှုန်းပိုမိုရရှိရေး၊ သီးနှံများ၏ အရည်အချင်းလက္ခဏာများ၊ သီးနှံများတွင် ကျရောက်တတ်သည့် ရောဂါပိုးမွှားများ အကြောင်းနှင့် ရောဂါပိုးမွှား အန္တရာယ်ကြိုတင်ကာကွယ်နှိမ်နင်းရေးဆောင်ရွက်ရမည့်အချက်များ၊ သစ်စိမ်းမြေဩဇာကို ပြုလုပ်သုံးစွဲစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ပြီး သီးနှံအထွက်နှုန်းတိုးတက်ခြင်းနည်းပညာများစသည့် အကြောင်းအရာများကို ကျွမ်းကျင်နည်းပြများက စာတွေ့၊ စိုက်ကွင်းလက်တွေ့ဘာသာရပ်များဖြင့် နှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)

(၅၀၀)



## သတင်းပဒေသာ

### သန်းခေါင်စာရင်း ဆက်လက်ကောက်ယူလျက်ရှိ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်၌ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို မြို့နယ်သန်းခေါင်စာရင်းကော်မတီ၏ကြီးကြပ်မှုဖြင့် သန်းခေါင်စာရင်းကောက်အဖွဲ့များမှ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအတွင်း အောက်တိုဘာ ၆ ရက် နံနက်ပိုင်းမှ တစ်အိမ်တက်ဆင်း သတ်မှတ်ကောက်ကွက်များတွင် ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မျိုးစပါးများ ထောက်ပံ့ပေးအပ်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်း စက်တင်ဘာလက ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးသွားခဲ့သော မိုးစပါးသီးနှံပြန်လည်စိုက်ပျိုးနိုင်ရေး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထောက်ပံ့လှူဒါန်းသော မျိုးစပါးများထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### သန်းခေါင်စာရင်း ဆက်လက်ကွင်းဆင်းကောက်ယူ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ တုံတာမြို့၌ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာ ၁ ရက်မှစ၍ စတင်ကောက်ယူလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းမှ စတင်ကာ မြို့နယ်သန်းခေါင်စာရင်းကော်မတီ၏ကြီးကြပ်မှုဖြင့် စာရင်းစစ်၊ စာရင်းကောက်ယူရေးအဖွဲ့မှ ရပ်ကွက်၊ ကျေးရွာများအတွင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ယာယီပိတ်ထားခဲ့သောစာသင်ကျောင်း ပြန်လည်ဖွင့်လှစ်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းတိန်ကျေးရွာတွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများစီးဆင်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး နေအိမ်အချို့၊ ဈေးများပျက်စီးခြင်း၊ ဘာသာရေးအဆောက်အအုံအချို့ ပျက်စီးခြင်း၊ လမ်းတံတားအချို့ ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သည့်အပြင် အခြေခံပညာအထက်တန်းကျောင်းပါ ရေဝင်နစ်မြုပ်ခဲ့သောကြောင့် ကျောင်းကိုယာယီပိတ်ထားခဲ့ရာ အောက်တိုဘာ ၅ ရက် နံနက်ပိုင်းမှစ၍ အဆိုပါစာသင်ကျောင်း ပြန်လည်ဖွင့်လှစ်နေပြီဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ရေဘေးသင့်ပြည်သူများအတွက် ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပြည်နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးဆောင်၍ အထူးကုဆရာဝန်များပါဝင်သည့် ဆေးကုသရေးအဖွဲ့သည် ရေဘေးသင့်ပြည်သူများအတွက် ကွင်းဆင်းဆေးကုသမှုဆောင်ရွက်ခြင်းကို ယမန်နေ့က ကျိုင်းတုံမြို့နယ်၊ ယန်းခကျေးရွာတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ယမန်နေ့ နံနက် ၇ နာရီက တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအသီးသီး၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ငွေလှူဒါန်း

**မန္တလေး အောက်တိုဘာ ၇**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကန်တော့ခံ ဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့်ကိစ္စရပ်များ စဉ်ဆက်မပြတ်ထောက်ပံ့လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူဟောင်းများကလည်း ကျန်းမာရေးငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိသည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ်၊ ၅၃လမ်းရှိ Hotel Hazel ခန်းမတွင်ကျင်းပရာ ဒေါ်သန်းသန်းဆွေ(ဓာတု)HotelHazel မိသားစုမှ ငွေကျပ် ၅ သိန်း ချမ်းအေးသာစံမြို့နယ်နေ ဒေါက်တာအောင်မေစိန်(သတ္တဗေ)က ငွေကျပ် ၂ သိန်းတို့ကိုလှူဒါန်းရာ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးပိုမြင့်၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ အလှူရှင်ဒေါ်သန်းသန်းဆွေ(ဓာတု)သည် (၁၀)ကြိမ်မြောက်လှူဒါန်းခြင်းဖြစ်ပြီး စုစုပေါင်းငွေကျပ် ၅၈ သိန်း လှူဒါန်းပြီး ဖြစ်သည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့် (၂၃-၅-၂၀၂၃)မှစ၍ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၅ရက်ထိ ဆရာ၊ ဆရာမကြီး စုစုပေါင်း ၃၁၅ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုဂါရဝပြုငွေကျပ် ၅၃၈ သိန်းပေးအပ်နိုင်ခဲ့ပြီး ဘဏ်တွင်ငွေကျပ် သိန်း ၂၈၀၀ ကျော် စုဆောင်းထားရှိသည်။

**(အောက်ပုံ)(၀၄၅)**



## ဦးပွားဆုတောင်းပြည့်ဘုရား ဆွမ်းလောင်းလှူပွဲအတွက် အလှူငွေများ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၇**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဿျှောင်ရပ်ကွက်ရှိ ရှေးဟောင်းဦးပွားဆုတောင်းပြည့်ဘုရား၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် လိုအပ်နေသော ဆွမ်းလောင်းစတီးစားပွဲများပြုလုပ်နိုင်ရန် အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၆ ရက် ညနေ ၅ နာရီက ဦးပွားဘုရားအတွင်းရှိ သာသနာဝိပုလသိမ်တော်ကြီး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားအား ဆရာတော်အရှင်သူမြတ်များ၊ အလှူရှင်နှင့် ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး လယ်ဝန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသီရိ(မဟာသဒ္ဓမ္မဇောတိကဓဇ)မှ ငါးပါးသီလချီးမြှင့်တော်မူ၍ အလှူရှင် ဦးတင်မောင်(သူရိန်နန်းကိုယ်ပိုင်အထက်တန်းကျောင်း)မိသားစုတို့မှ ဆွမ်းလောင်းစတီးစားပွဲ ၁၀ စုံအတွက် အလှူငွေကျပ် ၂၇ သိန်းပေးအပ်လှူဒါန်းရာ ဂေါပကဥက္ကဋ္ဌ ဦးမြင့်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၀၄၆)**



## ဖြူဟွမ်စိုရ်လူမှုကူညီရေးအသင်းသို့ ကျန်းမာရေးဆေးပဒေသာပင် လှူဒါန်း

**မန္တလေး အောက်တိုဘာ ၇**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြားရှိ ဖြူဟွမ်စိုရ်လူမှုကူညီရေးအသင်း ကျန်းမာရေး၊ သဘာဝဘေး၊ လူမှုကူညီရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် စေတနာရှင်များက ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက တရုတ်နိုင်ငံနေ ပါမောက္ခ Lei Zhuning (Director Institute of Southeast Asian Studies, YASS)က ငွေပဒေသာပင် ငွေကျပ်သုံးဆယ့်တစ်သိန်းငါးသောင်းကိုလည်းကောင်း၊ ဦးမျိုးကိုကိုအားရည်စူး၍ မန္တလေးမြို့ ၆၃လမ်း၊ ၃၆Aလမ်းနေ ကျန်ရစ်သူမိသားစုက ငွေပဒေသာပင် ငွေကျပ် ၃ သိန်းကိုလည်းကောင်း၊ မန္တလေးမြို့နေ ဒေါက်တာသူသူတင်(မေ့ဆေးဆရာဝန်ကြီး-ငြိမ်း)က မွေးနေ့အထိမ်းအမှတ်မျက်စိကုသမှုအတွက် ငွေကျပ် ၂ သိန်းကိုလည်းကောင်း၊ မန္တလေးမြို့နေ ဦးအရှတ်ပ်ကူးမား(ASHRO) ကုမ္ပဏီမှ Amiogio5mg, 10 md နှင့် Rozuace20mg ဆေးဘူးများကို လာရောက်လှူဒါန်းရာ ဖြူဟွမ်စိုရ်လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာငြိမ်းငြိမ်း၊ အတွင်းရေးမှူး ဦးမောင်မောင်တာနှင့်အမှုဆောင်များက လက်ခံရယူကြပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ခဲ့သည်။

ဖြူဟွမ်စိုရ်လူမှုကူညီရေးအသင်းသို့ မိမိကိုယ်တိုင်(သို့)ကိုယ်စားလှူဒါန်းလိုပါက မြန်မာ့စီးပွားရေးဘဏ်ငွေစာရင်းအမှတ် SF-001683၊ KBZ ဘဏ် 04130404101481201 သို့လည်းကောင်း၊ ဖုန်း၀၂-၂၈၄၄၃၅၀၊ ၀၉-၂၅၉၃၆၀၀၁၁၊ ၀၉-၂၅၉၃၆၀၀၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ကဆ)**

*-*-*-*-*

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၇**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး၊ ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေးမြို့၊ ၈၂လမ်း၊ ၁၇လမ်းနှင့် ၁၈လမ်းကြားနေ ကိုသိန်းနိုင်လွင် ၄၁ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင် ၁၀ ပါးအတွက် ငွေကျပ် ၃၅၀၀၀၀ ကို ယမန်နေ့ကလှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းမှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ အလှူရှင်များလှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ယာပုံ)(ကဆ)**



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Tom Hardy ၏ ဝင်ငွေအများဆုံး ဇာတ်ကားများတွင် Tinker Tailor လည်းပါဝင်



ဟောလိဝုဒ်အနုပညာရှင် နာမည်ကြီး မင်းသား Tom Hardy ရိုက်ကူးထားသည့် ရုပ်ရှင်ကားများအနက် ရုံတင်ဝင်ငွေအများဆုံး ရရှိထားသည့် ရုပ်ရှင်ကားများတွင်လည်း Tinker Tailor ပါဝင်သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

သရုပ်ဆောင်စွမ်းရည် ပြည့်ဝသော မင်းသားဖြစ်ပြီး သူပါဝင်ထားပြီး ရုံတင်ဝင်ငွေအများဆုံးရရှိသော ဇာတ်ကားများစာရင်း ထွက်ရှိခဲ့ရာ Tinker Tailor, This Means War , Black Hawk Dawတို့လည်းပါဝင်ထားသည်။

Tom Hardy ၏ Dunkirk, Mad Max, Fury Road Venom Let There be Carmage ,The Revenant Venom,The Dark Knightတို့မှာ ပရိသတ်အားပေးမှုနှင့် ရုံတင်ဝင်ငွေ အများဆုံး ရုပ်ရှင်ကားများဖြစ်ခဲ့ကြသည်။ **SKY**



## အသက်အရွယ်ကြောင့် အမြင်အာရုံပျောက်ဆုံးခြင်းကို ပရိတိန်းပြုပြင်သော ကုထုံးဖြင့် ကြိုတင်တားဆီးနိုင်မည်

လူတို့၏အမြင်အာရုံသည် အသက်ကြီးငယ်မရွေး အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ချွတ်ယွင်းပျက်စီးသွားနိုင်ကြောင်း မျက်စိအထူးကုဆရာဝန်များက ဆိုကြသည်။ အသက်အရွယ်ကြောင့် အမြင်အာရုံတဖြည်းဖြည်း ဆုတ်ယုတ်လာတတ်သော ရောဂါလည်းရှိသေးကာ အမေရိကန်ပြည်ထောင်စုတွင် ထိုရောဂါကြောင့် လူပေါင်းသန်းနှင့်ချီ၍ မျက်စိကွယ်နေကြရသည်။

အေအမ်ဒီဟု အတိုကောက်ခေါ်ဆိုသော အဆိုပါမျက်စိရောဂါကို သင့်လျော်ရာ ကုထုံးများဖြင့်ကုသပေးလျက်ရှိသော်လည်း ထိရောက်မှုမရှိသဖြင့် အမေရိကန်ပြည်ထောင်စု ရိုချက်စတာတက္ကသိုလ် ဖလောင်မ်မျက်စိအဖွဲ့အစည်းနှင့် အမြင်အာရုံသိပ္ပံပညာရပ်များဗဟိုဌာနတို့မှ ရှုချီရာဆင်း ဦးဆောင်သော သုတေသီများ မကြာသေးမီက ကုထုံးသစ်ရှာဖွေခဲ့ကြသည်။ ထိုသို့ ရှာဖွေရာမှ အသက်အရွယ်ကြောင့် အမြင်အာရုံပျောက်ဆုံးခြင်းကို ပရိတိန်းပြုပြင်သော ကုထုံးဖြင့် ကြိုတင်တားဆီးနိုင်မည်ဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။ **SCI**

## Jeon Do Yeong နှင့် ဒါရိုက်တာ Oh Seung Uk တို့ ကိန်းရုပ်ရှင်ပွဲတော်တွင် အတူတွေ့ရ

ကိုရီးယားထိပ်တန်းအနုပညာရှင် ဂျောင်ဒိုယွမ်ကို ဒါရိုက်တာအိုဆောင်ယူကေနှင့်အတူ ကိန်းရုပ်ရှင်ပွဲတော်တွင် တွေ့ရ၍ ပရိသတ်စိတ်ဝင်စားနေကြသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျောင်ဒိုယွမ်သည် The Shameless ရုပ်ရှင်နှင့် ဒါရိုက်တာ အိုဆောင်ယူကေနှင့်တွေ့ခဲ့ပြီး ရိုက်ကွင်းတွင် စကားများလွန်း၍ စိတ်ဖိစီးမှုများခဲ့ရာမှ ဒါရိုက်တာနှင့်အတူ ကိန်းရုပ်ရှင်ပွဲတော်သွားရောက်စဉ်က အမှတ်တရရိုက်ကူးထားသောပုံများ ထွက်ပေါ်လာခဲ့သည်။

အနေအေးသော ဂျောင်ဒိုယွမ်ကို စကားများသော ဒါရိုက်တာကြီးက ခင်မင်ခဲ့ပြီး အားလပ်ရက်တွင် ဂျောင်ဒိုယွမ်၏ ရိုက်ကွင်းအထိ သွားရောက်လည်ပတ်ခဲ့သည်ဟု သိရသည်။ **SKY**





## Kim Tae Hee ကို ခင်ပွန်းဖြစ်သူ Rain က ပျော်ရွှင်အောင်ထားပေး

အဆိုတော်၊ သရုပ်ဆောင် ရိန်းက ဇနီးဖြစ်သူ ကင်တေဟီးကို ပျော်ရွှင်အောင်ထားပေးပြီး သာယာသော အိမ်ထောင်ရေးကို ထူထောင်ထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရိန်းက Getting Dance Approval from Rain? Zurns out Young Tak is Dancing Machine? ခေါင်းစဉ်နှင့် ဗီဒီယိုချယ်နယ်တင်၍ အင်တာဗျူးလုပ်ခဲ့ရာမှ ဇနီးသည် ကင်တေဟီးကို ပျော်ရွှင်အောင်ထားပြီး အိမ်ထောင်ရေးသာယာခဲ့သည်ဟု ဖြေကြားထားသည်။

ကင်တေဟီးအတွက် အိမ်တစ်လုံး လက်ဆောင်ပေးခဲ့ပြီး ဘဝတွင် ယောကျ်ားတစ်ဦးအကောင်းဆုံးလုပ်ခဲ့သည်။ မိဘ၊ ဇနီးနှင့် သားသမီးများ ပျော်ရွှင်အောင် လုပ်ပေးခဲ့ကြောင်း ပြောကြားခဲ့သည်။ **SKY**

## Heath Ledger ၏ Joker ဇာတ်ရုပ်ပိုင်ရှင် ကွယ်လွန်



ဒါရိုက်တာ ခရစ္စတိုဖာနိုလန် ရိုက်ကူးထားသည့် The Dark Night ဆိုသည့် Batman ရုပ်ရှင်ကားတွင် Joker အဖြစ် Heath Ledger ပါဝင်ထားပြီး အော်စကာဆု ရမှန်းပင် မသိလိုက်ဘဲ ကွယ်လွန်သွားခဲ့ရသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Heath Ledger ၏ ဂျိုကာ ဇာတ်ရုပ်မှာ ပီပြင်လွန်း၍ ပရိသတ်ရင်ထဲထိ ရောက်ရှိခဲ့ပြီး Joker Memes များ၊ Dialogue များမှာ ယခုအချိန်ထိ အထင်ကရ ကျန်ရစ်နေဆဲဖြစ်သည်။

အဆိုပါ Joker ဇာတ်ကောင်အတွက် Heath Ledger ပေးဆပ်ခဲ့ရသည့် အဖိုးအခနှင့်ညီသည့် အသိအမှတ်ပြုမှုများ များစွာရရှိထားကာ ၂၀၀၈၊ ၂၀၀၉နှစ်စဉ် ဆုပေးပွဲတိုင်း ထိုက်တန်သောဆု ရရှိခဲ့ကာ သမိုင်းအစဉ်အလာ ကြီးမားသည့် အော်စကာဆုပေးပွဲတွင် အကောင်းဆုံးဇာတ်ပို့ဆုရသော်လည်း ဆုတက်မယူနိုင်ဘဲ ကွယ်လွန်သွားခဲ့သည်။

Heath Ledger သည် The Dark Night ရိုက်ကူးပြီး Joker ဇာတ်ကောင်မှ ရုန်းမထွက်နိုင်ဖြစ်ကာ စိတ်လွတ်ခဲ့ပြီး နောက်ဆုံး Overdose နှင့် ကွယ်လွန်သွားခဲ့သည်။ **SKY**

## Song Hye Kyo တောင်ကိုရီးယားတွင် အချမ်းသာဆုံး အနုပညာရှင်ဖြစ်လာ



နာမည်ကြီးမင်းသမီး ဆောင်းဟေကိုသည် အနုပညာလုပ်ငန်းသာမက အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေကြောင့် တောင်ကိုရီးယားတွင် အချမ်းသာဆုံး အနုပညာရှင်ဖြစ်လာခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆောင်းဟေကိုက ၂၀၂၁ ခုနှစ်တွင် ဆိုးလ်မြို့၏ လူကုံထံ Luxury သူဌေးရပ်ကွက်ရှိ Hannam The Hill အနီးငါးထပ်အဆောက်အအုံကို ဝယ်ယူခဲ့ပြီး သုံးနှစ်အတွက် မြေဈေးတက်ခဲ့၍ သူ၏ ရင်းနှီးမြှုပ်နှံမှုမှာ အမြတ်များစွာ ရရှိနေပြီဖြစ်သည်။

ဝယ်ယူစဉ်က အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၆ သန်း၊ လက်ရှိပေါက်ဈေး ၁၉ ဒသမ ၂ သန်းထိ ရှိလာခဲ့ကာ အနုပညာနက်ဝေ့၏ ဖော်ပြချက်အရ ဆောင်းဟေကို၏ အသားတင်ပိုင်ဆိုင်မှုမှာ အမေရိကန်ဒေါ်လာ ၃၇ သန်းဟု ခန့်မှန်းထားကြသည်။ **SKY**

## Karen Mok ဟောင်ကောင်မင်းသမီးကြီးက ဂီတပွဲပုံရိပ်များ မျှဝေပေးထား



ဟောင်ကောင်မင်းသမီးကြီး Karen Mok က 2024 Bajing Cultural Forum Gala ပွဲတွင် ရှောင်ကျန့်နှင့်အတူ သီဆိုဖျော်ဖြေပေးထားသည့် ဂီတပွဲပုံရိပ်များကို သူ၏ ဝိန်ဘိုဝက်ဘ်ဆိုက်တွင် မျှဝေပေးထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Karen Mok မှာ အသက် ငါးဆယ်ကျော်နေပြီဖြစ်သော်လည်း နုပျိုလှပနေဆဲဖြစ်ကာ ဂီတစွမ်းရည်လည်း ပြည့်ဝ၍ ရှောင်ကျန့်နှင့်အတူ သီဆိုဖျော်ဖြေမှုမှာ လိုက်ဖက်ညီမှုရှိခဲ့၍ ပရိသတ်အားပေးမှု ရရှိခဲ့သည်။

Karen Mok က သူ၏ ဝိန်ဘိုအက်မှ နှစ်ဦးသား သီဆိုနေသော ပုံရိပ်များကို ပရိသတ်ထံ မျှဝေပေးထားရာ ရှောင်ကျန့်က အစ်မနှင့်အတူ သီဆိုခွင့်ရ၍ ဂုဏ်ယူမိပြီး အလွန်ပျော်ရွှင်ခဲ့ရပါသည်ဟု မှတ်ချက်ရေးပေးထားသည်။

အဆိုပါပွဲတွင် နှစ်ဦးသားသီဆိုမှုကို ပရိသတ်အားပေးထားကြပြီး ရှောင်ကျန့်က တစ်ကိုယ်တော် အပါအဝင် Karen Mok နှင့် သီဆိုခဲ့သည့် စုံတွဲသီချင်းမှာလည်း ပရိသတ်ကြား ရေပန်းစားခဲ့သည်။

**SKY**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ နိုင်ငံတစ်ခုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင်နေထိုင်ကြသူများက ဆောင်ရွက်ရခြင်းဖြစ်သကဲ့သို့ နိုင်ငံကိုပျက်စီးအောင်လည်း အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင် အဓိကပြုလုပ်ခြင်းဖြစ်...

❖ ဒေသတစ်ခုပျက်စီးစေရန်အတွက် လုပ်ဆောင်ကြသူများမှာ အဆိုပါဒေသတွင် နေထိုင်ကြသည့် ဒေသခံအဖျက်သမားအကြမ်းဖက်များပင်ဖြစ်...

❖ အခြားဒေသတွင်နေထိုင်သူများက လာရောက်လုပ်ဆောင်နိုင်ခြင်းမရှိ...

❖ ဥပမာပေးရမည်ဆိုပါက "အရိပ်နေနေ၊ အခက်ချိုးချိုး" ပြုလုပ်နေသူများဖြစ်...

❖ ၎င်းကဲ့သို့အကြမ်းဖက်အဖျက်သမားများကိုလူထုအားဖြင့် ကာကွယ်ထိန်းသိမ်းရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) စစ်လက်ရုံး ရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်

**နေပြည်တော် အောက်တိုဘာ ၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မှော်ဘီတပ်နယ်ရှိ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)၌ ပြုလုပ်သည့် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) စစ်လက်ရုံး ရွေးချယ်ပွဲသို့ တက်ရောက် စိစစ်ရွေးချယ်သည်။

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများအား တစ်ဦးချင်းတွေ့ဆုံကာ သင်တန်းကာလတစ်လျှောက် စည်းကမ်းလိုက်နာမှု၊ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့် ကြိုးပမ်းအားထုတ်မှုများအပေါ်မူတည်၍ သင့်လျော်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





## မြန်မာအသင်းနှင့် ခြေစမ်းမည့် သီရိလင်္ကာလက်ရွေးစင်အသင်း ရန်ကုန်မြို့၌ လေ့ကျင့်

**ရန်ကုန် အောက်တိုဘာ ၇**

မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲ ကစားရန် ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် သီရိလင်္ကာ လက်ရွေးစင်အသင်းသည် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

**ခြေစမ်းပွဲနှစ်ပွဲ ကစားမည်**

သီရိလင်္ကာလက်ရွေးစင်အသင်းတွင် ကစားသမား ၂၅ ဦး လိုက်ပါလာပြီး မွေးစားနိုင်ငံသားများအပါအဝင် အမာခံကစားသမားအများစု ပါဝင်နေသည်။ သီရိလင်္ကာ လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၆ ရက်ကတည်းက ရန်ကုန်မြို့သို့ ရောက်ရှိနေခြင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ကစားမည်ဖြစ်သည်။

သီရိလင်္ကာ လက်ရွေးစင်အသင်းသည် ဥရောပနိုင်ငံသားများနှင့် ဩစတြေးလျနိုင်ငံသားများကို မွေးစားနိုင်ငံသားအဖြစ် ခံယူစေကာ လက်ရွေးစင်အသင်းတွင် ထည့်သွင်းအသုံးပြုနေပြီး စက်တင်ဘာလက ကစားသည့် အာရှဖလားတတိယအဆင့် ခြေစစ်ပွဲအတွက် Play-off ပွဲစဉ်တွင် ကမ္ဘောဒီးယားအသင်းကို ကျော်ဖြတ်ထားသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် သီရိလင်္ကာလက်ရွေးစင်အသင်းသည် အောက်တိုဘာ ၁၀၊ ၁၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊**
**ဓာတ်ပုံ**-MFF